# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၀)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့**

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေ မျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာပုံစံပြု မော်ဒယ်လ်များ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့လည်းကောင်း၊ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော *စာမျက်နှာ ၃ ကော်လံ ၅* ❍



## ဆဋ္ဌမအကြိမ် ကေတုမတီဗုဒ္ဓဝင်ယှဉ်ပြိုင်ပူဇော်ပွဲ တောင်ငူမြို့၌ ကျင်းပ

တောင်ငူ ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းဆရာတော်ကြီးနှင့် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်တိက္ခာသာရတို့ ဦးဆောင်၍ ဆဋ္ဌမအကြိမ် ကေတုမတီဗုဒ္ဓဝင်ယှဉ်ပြိုင်ပူဇော်ပွဲ(စင်တင်)ကို KMA ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၃* ◆


**ယနေ့ ဖတ်စရာ**

လူသားတိုင်းအတွက် ကြိုတင်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၂)
ဆောင်းပါး စာ ၆

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ
ကြေညာချက် စာ ၇

သင့်တင့်မျှတသော အာဟာရ၊ ဆီစားသုံးမှု လျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု
ဆောင်းပါး စာ ၁၀

တစ်ပတ်တာ ဖတ်စရာ မြန်မာ့အရေးနှင့် ကမ္ဘာ့အရေး
စာမျက်နှာ ၁၂ ၁၃


## GMP စနစ်နှင့်ကိုက်ညီမှုမရှိသည့် သောက်ရေသန့်စက်ရုံနှစ်ရုံအား ယာယီပိတ်သိမ်း

ရန်ကုန် ဇွန် ၂၁

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အနေဖြင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးတို့အတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး အစားအသောက်များ စစ်ဆေးခြင်းကို စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ သောက်သုံးရေ ထုတ်လုပ်သည့် စက်ရုံများအား ယမန်နေ့က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❖




## ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပမည့် နွေရာသီ အပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ တွေ့ဆုံပွဲ(၂၀၂၆)သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့ ပါဝင်တက်ရောက်မည်

နေပြည်တော် ဇွန် ၂၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်းက ဦးစီး၍ နှစ်စဉ်ဇူလိုင်လ၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ တွေ့ဆုံစခန်းချပွဲ(BRIDGE Summer Camp – 2026)သို့ Junior Ambassadors များအဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း(MJA)က ဦးစီးပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား မတ်လမှစ၍ ရွေးချယ်ဖွဲ့စည်း လေ့ကျင့်ပေးခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

### ယနေ့ မိုးလေဝသ ( ၂၂-၆-၂၀၂၆ )

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ် ကျေးရွာအချို့ရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းနေရာများအား သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်စေရန် အဓိကဖြစ်သည့်နယ်မြေတည်ငြိမ်အေးချမ်း၍ ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တပ်မတော်က စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များသာမက ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် ပြည်သူလူထုဘဝများ လုံခြုံအေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ရေနံချောင်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၁၀၀၀ ခန့်အကွာရှိ လွန်းပင်ရှိုကျေးရွာ၏ ကျေးရွာ စာကြည့်တိုက်အတွင်း၌ အကြမ်းဖက် သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် မော်တော်ဆိုင်ကယ် တစ်စီး၊ စားဆီ ငါးဂါလန် ငါးပုံး၊

*စာမျက်နှာ ၄ ကော်လံ ၁* ●




လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်အတွင်းရှိကျေးရွာအချို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းများအား သိမ်းပိုက်ရရှိမှု နေရာပြမြေပုံ။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |
| ( ခ ) | ဦးဇော်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု<br>ဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |
| ( ဂ ) | ပါမောက္ခ ဒေါက်တာ ရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာ ဆွေဆက်<br>ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသန့်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာ<br>ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိန်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| ( ခ ) | ဒေါက်တာသွယ်လင်းကို<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာအိအိဟန်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကလေးဆေးရုံကြီး ရန်ကုန် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာမိန်းကလေးများအား ကြည့်ရှုအားပေး



ရန်ကုန် ဇွန် ၂၁

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကလေးဆေးရုံကြီး ရန်ကုန် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှု ခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာ မိန်းကလေးများဖြစ်သည့် မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့ကို ယနေ့တွင်သွားရောက်ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ကလေးများအတွက် ထူထောင်ထားသော ငွေပဒေသာပင်အတွက် ထောက်ပံ့ငွေများကို ဆေးရုံတာဝန်ရှိသူများထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အယ်လ်နီညို အခြေအနေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

**မိုး/ဇလ**

❂ *ရှေ့ဖုံးမှ*

အဆိုပါ ကျောင်းသား ကျောင်းသူများအား Junior Ambassador အဖြစ် ရွေးချယ်အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက အသိအမှတ်ပြုလက်မှတ်များနှင့် ခရီးစဉ်အတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

မြန်မာကျောင်းသား ကျောင်းသူအဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် နိုင်ငံအလိုက် ဖျော်ဖြေရမည့် BRIDGE Festival 2026 ၌ သင်္ကြန်မိုးသီချင်းဖြင့် ယိမ်းအက ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




◆ *ဆင္ဒမအကြိမ်မှ*

ထိုသို့ ကျင်းပရာတွင် ရွှေဆံတော်မရမ်းကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရှင်တေဇောသာရက အမှာစကားပြောကြား၍ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စင်တင်ဖြေဆိုမှုများ ကျင်းပသည်။ အဆိုပါ စာမေးပွဲကို ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ဗုဒ္ဓဘာသာ ဓမ္မအမေးအဖြေများဖြင့် ရေးဖြေ၊ နှုတ်ဖြေ ကျင်းပခဲ့ရာ အငယ်တန်း၊ အလတ်တန်း၊ အဆင့်မြင့်တန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ယှဉ်ပြိုင်ပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး- ဒေါ်ဝင့်ရည်အေးမိသားစုက မတည်လှူဒါန်း၍ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်တို့အား နံနက်စာ၊နေ့လယ်စာ ကျွေးမွေးလှူဒါန်းခဲ့ကာ အခြားအလှူရှင်များကလည်း ငွေကျပ်သိန်း ၃၀၀ ကျော် လှူဒါန်းခဲ့ကြပြီး နိုင်ငံကျော် အဆိုတော်များကလည်း ဓမ္မတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**ဇော်ကိုကို**
**(တောင်ငူ)**

❖ *GMP စနစ်မှ*

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဒေါက်တာဝင်းဖြိုးမောင် ဦးဆောင်၍ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ ပါဝင်သောဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆုလာဘ်သောက်ရေသန့်စက်ရုံ၊ Phyo+ သောက်ရေသန့်စက်ရုံနှင့် Htet+ သောက်ရေသန့်စက်ရုံ၊ River သောက်ရေသန့်စက်ရုံ၊ ရွှေမိုးဆောင်း သောက်ရေသန့်စက်ရုံနှင့် Omega သောက်ရေသန့်စက်ရုံတို့အား FDA ထောက်ခံချက် (စ-၂)၊ စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုင်စင်နှင့် စက်မှု လုပ်ငန်းလိုင်စင်ရှိ/ မရှိ၊ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ သန့်ရှင်းစင်ကြယ်စွာ ထုတ်လုပ်ခြင်းရှိ/ မရှိ၊ ရေအရည်အသွေး စံသတ်မှတ်ချက်များ ကိုက်ညီမှုရှိ/ မရှိ၊ ဘူးနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ/မရှိတို့ကို ရှောင်တခင်ကွင်းဆင်း စစ်ဆေးခဲ့ကြပြီး ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်(GMP)နှင့် ကိုက်ညီမှုမရှိသည့် စက်ရုံ နှစ်ရုံအား ထုတ်လုပ်/ ဖြန့်ဖြူး/ရောင်းချခြင်း ယာယီပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

ပညာရွှေအိုး လူမခိုး ပညာရဲရင့် ပွဲလယ်တင့်

## မျိုးကောင်းမျိုးသန့် ဥစားဘဲသားပေါက်များဖြန့်ဖြူးပေးနိုင်ရေးနှင့် ရေမြေဒေသမွေးမြူရေးစနစ်နှင့်ကိုက်ညီသည့် ဒေသန္တာမျိုးများ တိုးချဲ့မွေးမြူနိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဇွန် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယ ဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျိုးထုတ်ဥစားဘဲမွေးမြူထားရှိမှု၊ ဒေသန္တာ ငါးမျိုး မွေးမြူထားရှိမှု၊ တိုင်းရင်းကြက်စံပြမျိုးထုတ်လုပ်မွေးမြူနိုင်ရေးဆောင်ရွက်နေမှုနှင့် ဘဲဥဖောက်စက်အသုံးပြု၍ ဘဲသားပေါက်များ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဥစားဘဲမွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးကောင်းမျိုးသန့် ဥစားဘဲသားပေါက်များဖြန့်ဖြူးပေးနိုင်ရေး၊ ရေမြေဒေသမွေးမြူရေးစနစ်နှင့်ကိုက်ညီသည့် ဒေသန္တာမျိုးများရရှိနိုင်ရေးအတွက် မျိုးအလိုက် မျိုးရိုးဆိုင်ရာ တိုင်းတာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး မွေးမြူရေးတောင်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်)၌ နို့စားနွား(ဖရီရှန်)များ မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှု၊ နိုက်ထရိုဂျင်အရည်ထုတ်စက်ရုံ၏ နိုက်ထရိုဂျင်အရည်ထုတ်လုပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ပြည်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပြည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စုရှိ တစ်ဆက်တစ်စပ်တည်း အကွက်ကျယ်စံပြကွက် ဧက(၆၀)၌ ဒေသခံများကိုယ်တိုင်ထုတ်လုပ်ထားသည့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

ထို့နောက် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု၌ ဆင်းရတနာ(၃)နှင့် မကွေးနှမ်းနက် ၂/၁၄ မိုးနှမ်းယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ထမ္မကောက်ကျေးရွာအုပ်စု၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် မိုးမြေပဲစိုက်ခင်းများကို ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## International Day of Yoga အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

International Day of Yoga (2026) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီးတို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ယောဂလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF) နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ရတနာတန်းဝင်သစ်ပင် စုစုပေါင်း ၇၇၄ ပင် စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဗိုလ်အောင်ကျော်လမ်းမှ မင်္ဂလာလမ်းအထိ အရိပ်ရအပင်ကြီးများနှင့် အလှပန်းပင်များ စိုက်ပျိုးနေမှု၊ အနားယူရန် ထိုင်ခုံများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို**
**(ပြန်/ဆက်)**



**● ရွှေဖိုးမှ**

ပြောက်ကျား ယူနီဖောင်း ငါးစုံ၊ ပြောက်ကျား ဦးထုပ် ငါးလုံး၊ တစ်ပေခွဲပတ်လည် ဆိုလာ တစ်ချပ်၊ ၄ ပေ ၈ ပေ ပတ်လည် ဆိုလာ တစ်ချပ်၊ Inverter တစ်လုံး၊ ၁၂ ဗို့ ဘက်ထရီ တစ်လုံး၊Sound Box တစ်လုံး၊ အရပ်ကျောပိုးအိတ် နှစ်လုံး၊ ကိုးလုံးကျည် ၁၈ လုံးပါ တစ်တွဲ၊ နွေဦးထိ ၂၅ စောင်ပါ စာအုပ် ၁၅ အုပ်၊ YGN စာတမ်းပါ ဘက်တံဆိပ် ၃၇ ခုနှင့် မကွေးပြည်သူ့ကာကွယ်ရေးတံဆိပ် တစ်ခုတို့အား သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် ညောင်ပင်ကားကျေးရွာ၏တောင်ဘက် မီတာ ၁၅၀ ခန့်၌ ယာယီစခန်းအဖြစ် နေထိုင်ခဲ့သည်ဟု ယူဆရသည့်နေရာအား ထပ်မံတွေ့ရှိခဲ့ရပြီး လူ ၂၀ ဦးဆံ့ယာယီတဲတစ်လုံး၊ ကင်းတဲ တစ်လုံးနှင့် လက်လုပ်နင်းမိုင်း မျိုးစုံ ၁၂ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ကန်သာကျေးရွာအနီး နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၉၅၀ ခန့်၌ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစခန်းချနေထိုင်ခဲ့သည့် နေရာတစ်ခုအား ထပ်မံတွေ့ရှိခဲ့ရပြီး လက်လုပ်ဗုံးသီး ၁၁၇ လုံး၊ စက္ကူပတ် ခဲယမ်းပျော့ နှစ်အိတ်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ TNT အားမြှင့်ယမ်း ၂၁ ခု၊ ရန်သူ့တန်းစီကွင်း တစ်ကွင်း၊ ရန်သူ့ခန်းမတဲ တစ်လုံး၊ လူ ၂၀ ဦးဆံ့ အိပ်ဆောင်တဲ တစ်လုံး၊ သံခုတင် လေးလုံး၊ မော်တော်ဆိုင်ကယ် နှစ်စီး၊ ဆိုလာ တစ်ချပ်၊ ဝရိန်စက် တစ်လုံး၊ ဝရိန်ချောင်း (အကြီး)တစ်ထုပ်၊ လမ်းလျှောက် စကားပြောစက် ငါးလုံး၊ လက်လုပ်ဗုံးသီးအခွံပြုလုပ်သည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ် အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နတ်မောက်မြို့နယ် အိုင်မကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်း နှစ်လောင်း၊ စနိုက်ပါသေနတ် တစ်လက်နှင့် ၇ ဒသမ ၆၂ မမ ကျည်တောင့် ၁၂၀၀ တို့အား သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဒေသခံပြည်သူလူထုအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့် လုပ်ငန်းဆောင်ရွက်ခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဆောင်ရွက်လိုကြသည့် တာဝန်သိပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် ကန်သာကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုနှင့် သိမ်းဆည်းရမိမှုများကို တွေ့ရစဉ်။**

❑ *ကျောဖုံးမှ*

ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီသို့ သတင်းပေးစုံစမ်းစေခဲ့ရာ အဆိုပါဆီသယ်ယာဉ်အား မရမ်းချောင် လုံခြုံရေးဂိတ်တွင် ဖမ်းမိခဲ့ပြီး စက်သုံးဆီများကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင်ခြင်းမပြုဘဲ တရားမဝင်လွှဲပြောင်းရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကျိုက်ထိုမြို့မရဲစခန်းတွင် (ပ)၁၇၃/၂၀၂၆ **"အရေးကြီးကုန်စည်များဆိုင်ရာ ဥပဒေပုဒ်မ ၅"** ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။


ထို့အတူ ဆီသယ်ယာဉ်အမှတ် 9D-8840၊ နောက်တွဲ ယာဉ်အမှတ် TLR-9550 သည် ရန်ကုန်မြို့ (သီလဝါ)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ စက်သုံးဆီပို့ဆောင်ရန် ဖြစ်သော်လည်း ကျိုက်ထိုမြို့နှင့်ဘီးလင်းမြို့အကြား အလိုတော်ပြည့် ဘုရားအနီးတွင် ရောက်ရှိ ရပ်တန့်ထားသည်ကို သံသယဖြစ်ဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါဆီသယ်ယာဉ်အား ပိတ်ဆို့ရှာဖွေ စစ်ဆေးစေခဲ့ရာ မုဒုံမြို့နယ် ဒိုးမားကျေးရွာအုပ်စု ဒိုးမားကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်ကားလမ်းဘေးတွင် ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် ဆီသယ်ယာဉ်အား စစ်ဆေးတွေ့ရှိရသဖြင့် မုဒုံမြို့မရဲစခန်းတွင် ထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆီသယ်ယာဉ်များအား GPS တပ်ဆင်စေ၍ နည်းပညာဖြင့် ကြပ်မတ်စစ်ဆေးနေသည့်စနစ်အတွင်း ဝင်ရောက်ပြီးမှသာ ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်များ ထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီသယ်ယာဉ် ၅၁၀၆ စီးသည် GPS များ တပ်ဆင်၍ စနစ်အတွင်း ဝင်ရောက်ပြီးဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့်ကြီးကြပ်စစ်ဆေးသည့် နည်းပညာများကို အဆင့်မြှင့်တင်လျက်ရှိပြီး ဆီသယ်ယာဉ် တစ်စီးချင်း၏ သွားရောက်မည့် လမ်းကြောင်းကို ထည့်သွင်းစေပြီး လမ်းကြောင်းမှ သွေဖည်ခြင်း၊ သံသယဖြစ်ဖွယ် အချိန်ကြာမြင့်စွာ ရပ်တန့်နေခြင်းတို့ပြုလုပ်ပါက Control Center တွင် သတိပေး Alarm ပေါ်လာသည့်စနစ်ကို AI နည်းပညာသုံး၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းလိုက်နာခြင်းမရှိသည့်ယာဉ်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ချက်ချင်းရပ်ဆိုင်း၍ လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးနေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုနေရာပြမြေပုံ။

❍ *ကျောဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

**စနစ်တကျဖျက်ဆီးသွားမည်**

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ကြွစွာဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှုကို တွေ့ရစဉ်။

## သီးနှံစိုက်တောင်သူများအား ဝါနှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့က ဘုတ်ကုန်းကျေးရွာရှိ သီးနှံစိုက်တောင်သူများအား အိန္ဒိယနိုင်ငံအကူအညီဖြင့် Quick Impact Project(QIP) မှ ဝါနှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၇ ရက်က ရွှန်းတက်ရတနာကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဝါသီးနှံနှင့် မတ်ပဲသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာများကို ရှင်းလင်းပြောကြားပြီး တောင်သူများအား ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ် ညောင်ပုလ္လင်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း ဇွန် ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပုလ္လင်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းခြံစည်းရိုးလုပ်ငန်းအား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်မွေး**

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဇွန် ၂၁ –** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

✻ *ကျောဖုံးမှ*

ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် ပစ္စတိုသေနတ်နှစ်လက်၊ ၎င်းကျည်တောင့် ၂၀၀ တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်သုံးစီးပေါ်မှ စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၂၀ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို၊ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများအား မန္တလေးမှ တီးတိန်သို့ အဓိကသယ်ဆောင်ခိုင်းသူမှာ တီးတိန်မြို့နေ ထွန်းဂင့်မုန်(ခ)ပါးမုန် (ဖမ်းဆီးရန်ကျန်)နှင့် ထန်ဆောမ်းဟောက်(ခ)ဆောမ်းဟောက် (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လူသားတိုင်းအတွက် ကြိုတင်ကာကွယ်မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံး ပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာတွင် လူလုပ်ဆေးဝါးသစ်များ လွယ်ကူစွာ ဝယ်ယူရရှိမှုများသည် ပြဿနာကို ပိုမိုဆိုးရွားလာခြင်း၊ မူးယစ်ဆေးဝါးများကို ဆက်သွယ်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကအမြန်ချောပို့လုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို အသုံးပြု၍ ပို့ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေခြင်းနှင့် အဓိကပင်လယ်ရေကြောင်းလမ်းများမှတစ်ဆင့် သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေကြသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရခြင်း၊ နည်းပညာတိုးတက်လာမှုကြောင့် အွန်လိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုများမှတစ်ဆင့် ငွေပေးချေမှုများအသုံးပြုလာပြီး အွန်လိုင်းမူးယစ်ဆေးဝါး ဈေးကွက်သည်လည်း ကျယ်ပြန့်စွာနေရာယူ ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရှိရခြင်း၊ မူးယစ်ကုန်ကူးသူတို့က ကမ္ဘာ့စီးပွားရေးကျပ်တည်းမှု အခြေအနေများကြောင့် အလုပ်လက်မဲ့ဦးရေများပြားလာမှုအပေါ် အခွင့်ကောင်းယူပြီး အလွယ်တကူ ဝင်ငွေရလွယ်သော မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုအတွက် သယ်ဆောင်ခပေး၍ အသုံးချလာခြင်း၊ မူးယစ်ဆေးဝါးပျံ့နှံ့နေမှု အကျိုးဆက်အနေဖြင့် အချို့နိုင်ငံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ မြင့်တက်လာနေသည်ကို တွေ့ရှိရခြင်း၊ UNODC ၏ ၂၀၂၂ ခုနှစ်အတွင်း အရှေ့နှင့် အရှေ့တောင်အာရှဒေသရှိ လူလုပ်ဆေးဝါးနှင့်ပတ်သက်သည့် အစီရင်ခံစာအရ မက်သ်အဖက်တမင်း (Methamphetamine)နှင့် အိုက်စ်ဟုခေါ်သော မက်သ်အဖက်တမင်းပုံဆောင်ခဲ (Crystal Methamphetamine (Ice)) ဖမ်းဆီးရမိမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်နှင့်အညီ ထုတ်လုပ်မှုနှင့် သုံးစွဲသူဦးရေလည်း တိုးမြင့်လာခြင်း၊ လူလုပ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်ကျယ်ပြန့်လျက်ရှိခြင်းတို့ကို မူးယစ်ဆေးဝါးပြဿနာများအဖြစ် တွေ့မြင်နေရပါသည်။

### အကြမ်းဖက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါး

မြန်မာနိုင်ငံတည်ရှိရာ ပထဝီဝင်အနေအထားအရ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရသည့်ဓာတုပစ္စည်းများကို အိမ်နီးချင်းအာရှနိုင်ငံကြီးနှစ်နိုင်ငံတွင် ထုတ်လုပ်လျက်ရှိခြင်း၊ အရှေ့နှင့် အရှေ့တောင်အာရှရှိ ကြီးမားသော နိုင်ငံတကာမူးယစ်ဆေးဝါးဈေးကွက်နှင့် နီးကပ်စွာ တည်ရှိနေခြင်း၊ နိုင်ငံတော်အစိုးရကို ကာလရှည်ကြာဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နယ်စပ်တစ်လျှောက် တည်ရှိနေခြင်း စသည့်အကြောင်းများကြောင့် မူးယစ်ဆေးဝါးလုပ်ငန်းများအတွက် ရေကန်အသင့်၊ ကြာအသင့်သဖွယ်ဖြစ်ပြီး နိုင်ငံတကာ မူးယစ်ဂိုဏ်းများနှင့်ပါ ဆက်နွှယ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးရောင်းဝယ်နေသူများတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများလည်း ပါဝင်နေပြီး ၎င်းတို့သည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှ ရရှိလာသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်း ဝယ်ယူကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေကြသည်။ မိမိတို့ နိုင်ငံအဖို့ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ၏နောက်တွင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ပါ တစ်ဆက်တစ်စပ်တည်း ပါဝင်နေပြီး နိုင်ငံနှင့် ပြည်သူလူထု၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်စေလျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း၌လည်း နိုင်ငံအသီးသီးက ခရီးသွားလာမှုကန့်သတ်ခြင်းကို ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုလုပ်ဆောင်လာကြပြီး အထူးသဖြင့် ရေလမ်းကြောင်း အသုံးပြုသယ်ဆောင်မှုများပြားလာခဲ့သည်ကို နိုင်ငံတကာ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် တွေ့ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှု ဖြစ်စဉ်နှင့်အတူ ၂၀၂၁ ခုနှစ်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားသည့်အခြေအနေနှင့် ကာလများအတွင်း၌လည်း အခွင့်ကောင်းရယူပြီး မူးယစ်ဆေးဝါးကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုမရှိသည်ကို အခွင့်ကောင်းယူ၍ အကန့်အသတ်၊ အတားအဆီးများ ပြုလုပ်ကာ ထိန်းချုပ်ကာကွယ်မှုများ ပြုလုပ်နေရချိန်တွင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများက အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချခဲ့ကြသည်။ မူးယစ်ဆေးဝါးတန်ဖိုး ပမာဏကြီးမားစွာ ကျပ်ငွေဘီလီယံ(သန်းပေါင်းထောင်နှင့်ချီ၍) မကြာခဏဖမ်းဆီးရမိမှုများသည် သာမန်အချိန်ကာလများထက် များစွာပိုမိုနေသဖြင့် အကြမ်းဖက်သောင်းကျန်းသူများ အင်အားတောင့်တင်းစေမည့် အထောက်အပံ့များတွင် မူးယစ်ဆေးဝါးသည် အဓိကအထောက်အပံ့တစ်ခုဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့နိုင်ငံများ တိုက်ဖျက်နေသည့်အချိန်တွင် မြန်မာနိုင်ငံမှ လက်နက်ကိုင်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ် ဖောက်ကားမှုများကို ကမ္ဘာကသိရှိလာအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ် ဖောက်ကားမှုများမှရရှိလာသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုကို ထိခိုက်ပျက်ပြားစေသည့်လုပ်ရပ်များ လုပ်ဆောင်နေမှုများအပြင် ပြည်တွင်း၌သာမက နိုင်ငံတကာသို့ပါ ပို့ဆောင်ဖြန့်ချိလျက်ရှိရာ နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်း မရှိသောကြောင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ နည်းလမ်းမျိုးစုံဖြင့် ချိတ်ဆက်သယ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏ လုံခြုံရေးအား ခြိမ်းခြောက်နေသည့် အခြေအနေများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထူးစစ်ဆင်ရေးများဖြင့် တိုက်ဖျက်လျက်ရှိသည့်နည်းတူ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိသည်။

### AA နှင့် မူးယစ်ဆေးဝါးကုန်သွယ်မှု

သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် တစိုက်မတ်မတ်လုပ်ကိုင်လျက်ရှိပြီး ယင်းအခြေအနေကို အခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းများဖြစ်ကြသည့် ဆက်ကြေးကောက်ခံခြင်း၊ တိုက်ခိုက်လုယက်ခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ AA အဖွဲ့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုကို မကြာခဏတွေ့မြင်နေရသည်။ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်ရန်အတွက် ဓာတုဆေးဝါးမှောင်ခို တင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို နိုင်ငံတကာမူးယစ်ရာဇဝတ်ဂိုဏ်းများနှင့် ကွန်ရက်သဖွယ် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များ ပါဝင်ပတ်သက်သည့် မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိမှု (၂၄)ကြိမ်ရှိခဲ့ပြီး တရားခံ ၂၇၆ ဦးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၄ သန်းကျော်၊ အိုက်စ် ၁၁ ဒသမ ၉ တန်ကျော်၊ ကဖင်းကီလို ၈၀၀၊ ကက်တမင်း ၂ ဒသမ ၂ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉ သန်းကျော်)နှင့် လက်နက်မျိုးစုံ ၂၂၄ လက်၊ ကျည်မျိုးစုံ ၄၁၃၇၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၉၇၇ ခု၊ လက်ပစ်ဗုံး ၃၆ လုံး၊ ဗုံးသီး ၁၇၈ လုံး၊ GPS ၂၅ လုံး၊ ဂြိုဟ်တုဖုန်း ၄၀ တို့ကို ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးသယ်ဆောင်သည့် မော်တော်ယာဉ်၊ စက်လှေ၊ သင်္ဘောများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖြစ်စဉ်အသေးစိတ်များကို ဖော်ပြထားရှိပါသည်။

AA တပ်ဖွဲ့ဝင်များနှင့်ပတ်သက်သည့် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု ၂၄ ကြိမ်ရှိသည့်အနက် AA ခေါင်းဆောင်ပိုင်းများ ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့သည့်အမှု ၉ မှုရှိပြီး အဆိုပါ ဖမ်းဆီးရမိမှုများတွင် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ICE ၄၄၄၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)နှင့် မော်တော်ယာဉ် ငါးစီးတို့နှင့်အတူ မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုရပါသည်။

### မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်း ငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ(Border Liaison Offices– BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေ ဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း ကျင်းပလျက်ရှိသည်။ ဒေသတွင်း လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဘက်ပေါင်းစုံမှ တားဆီးတိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဆောင်ရွက်မှုများနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့ပြီး

စာမျက်နှာ ၇ သို့

> ❝ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် အောင်မြင်မှုများ ရရှိနေသည်ဟု ဆိုနိုင်သော်လည်း အခြားကဏ္ဍများ၌ စိန်ခေါ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ (Controlled Chemicals) နှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများတွင် မပါဝင်သည့် အခြားဓာတုပစ္စည်းပုံစံပြောင်း၍ P2P များ ထုတ်လုပ်တင်သွင်းလာမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါး အသွင်ပြောင်းထုတ်လုပ်နိုင်သည့် ဓာတုဗေဒပညာရပ်များနှင့် ဓာတုပစ္စည်းများ၏ လေ့လာတွေ့ရှိချက်များကို ထိုင်းနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ် ❞

# ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary (သို့) ပညာပေးဇာတ်လမ်းတို(Short Film) ပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၁**

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတို(Short Film)ပြိုင်ပွဲများ အတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

**ဆောင်ပုဒ်** ပြိုင်ပွဲတွင် ဒေါ်ဖြူဖြူစိန်(လင်းလက်မေ) နေပြည်တော်မှ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"**၊ ဦးကျော်အောင်(ကောင်းစံသစ်-ပုသိမ်) ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ လူငယ်များဘဝ မြှင့်တင်ကြ ဝိုင်းဝန်းကာကွယ်တားဆီးမှ"**၊ ဦးဝင်းတင် နေပြည်တော်မှ **"မူးယစ်ကင်းစင်- တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ- လုံခြုံလှ"**၊ မောင်ဖြိုးသက်အောင် မြဝတီရုပ်မြင်သံကြားမှ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"** နှင့် ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း) ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီးမှ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ဆောင်ပုဒ်တို့က ဆုများရရှိကြသည်။

**ဝတ္ထုတို** ပြိုင်ပွဲတွင် ဦးစိုးမိုးကျော်(သားကျော်)၏ **"နေမင်းနှင့် မျက်နှာချင်းဆိုင်၍"** ဝတ္ထုတိုက ပထမ၊ ဦးစိန်ဝင်း(ကိုကြီးစိန်-ဟသ်ာတ)၏ **"မုန်းလို့တော့ဖြင့် မဟုတ်ပါပြီ"** ဝတ္ထုတိုက ဒုတိယနှင့် ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့"**ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်စုသက်မှူး (စုသက်မှူး-မရမ်းကုန်း)၏ **"အမှောင်နံ့ရံကို ဖြိုခွင်းခဲ့သော အဖြူရောင်လက်များ"** ဝတ္ထုတိုက အထူးဆု(၁)၊ မောင်ဖိုးပြုံး(စမ်းဝေသာ-ပညာရေး)၏ **"အမှောင်နွံထဲက ရုန်းထွက်တဲ့ကြာ"** ဝတ္ထုတိုက အထူးဆု(၂)နှင့် ဦးထွန်းအောင်သိန်း(ခိုင်ချစ်အောင်)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ၊ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ"** ဝတ္ထုတိုက အထူးဆု(၃)တို့ ရရှိကြသည်။

**ဆောင်းပါး** ပြိုင်ပွဲတွင် ဒေါက်တာ အိလှိုင်းသက်ဇာ၏ **"မူးယစ်ကင်းစင်-တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"** ဆောင်းပါးက ပထမ၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ဆောင်းပါးက ဒုတိယနှင့် ဦးဝင်းဇော်(ကောင်းစည်သူ)၏ **"နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်တင်ထက်ထက်ဇော် (ပေါက်ပေါက်)၏ **"ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ဆောင်းပါးက အထူးဆု(၁)၊ ဦးမျိုးဝင်း(မျိုးဝင်း-ပြည်)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ဆောင်းပါးက အထူးဆု(၂)နှင့် ဒေါက်တာ အေးအေးတင့်(သစ္စာခင်)၏ **"လူငယ်များ ဘဝလှပဖို့ မူးယစ်ဆေးကို ဝိုင်းဝန်းတိုက်ဖျက်စို့"** ဆောင်းပါးက အထူးဆု(၃)တို့ ရရှိကြသည်။

**ကဗျာ** ပြိုင်ပွဲတွင် ဗိုလ်ကြီး ညွန့်ဝင်း(ငြိမ်း)(ဘုန်းမောင်ဝင်း-ဖျာပုံ)၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ကဗျာက ပထမ၊ ဦးမြထွန်း(မြတ်ထွဏ်းနောင်)၏ **"မူးယစ်အစ အလွယ်က - ဝိုင်းဝန်းတားဆီးကာကွယ်ကြ"** ကဗျာက ဒုတိယနှင့် ဒေါ်စမ်းစမ်းအေး(စမ်းစမ်းမနောမြေ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးစိန်ငွေး(ငွေးသစ်လွင်-ပရိမ္မ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ကဗျာက အထူးဆု(၁)၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ကဗျာက အထူးဆု(၂)နှင့် ဦးမြင့်သိန်း (မောင်မင်းသိမ်း-သရက်)၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ကဗျာက အထူးဆု(၃)တို့ ရရှိကြသည်။

**တေးသီချင်း** ပြိုင်ပွဲတွင် ဦးဗိုလ်စိုး(ဗိုလ်စိုး)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့"** တေးသီချင်းက ပထမ၊ ဦးသောင်းလွင်(ဆရာမြတ်သန်းစံ)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** တေးသီချင်းက ဒုတိယနှင့် ဦးဉာဏ်ပိုင်စိုး(ခ) ဦးသူရစိုး(စစ်သူ)၏ **"မြန်မာကမ္ဘာစောင့်ရှောက်ပါမည်"** တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးအောင်တင်(မဟာအောင်)၏ **"တက်ညီလက်ညီ အပြီးတိုင်ရှင်းလင်း"** တေးသီချင်းက အထူးဆု(၁)၊ ဦးစိုးသီဟ(ဦးစိုးသီဟ)၏ **"ကင်းဝေးရမယ်မူးယစ်အန္တရာယ်"** တေးသီချင်းက အထူးဆု(၂) နှင့် ဦးဇော်လင်းသိန်း(ဇော်လင်းသိန်း)၏ **"လူငယ်လူရွယ် ကျန်းမာလို့ အနာဂတ်တွေလှပဖို့ မူးယစ်ဆေးဝါးရှောင်ကြစို့"** တေးသီချင်းက အထူးဆု(၃)တို့ ရရှိကြသည်။

**ဓာတ်ပုံ** ပြိုင်ပွဲတွင် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"** ခေါင်းစဉ်ဖြင့် ပထမ၊ ဦးအောင်မင်းဦး၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** ခေါင်းစဉ်ဖြင့် ဒုတိယ၊ ဦးဇာနည်ထွန်း (ရွှေပန်းချီ) (ဇာနည်ထွန်း- ရွှေပန်းချီ-ရမည်းသင်း)၏ **"နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** ခေါင်းစဉ်ဖြင့် တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** ခေါင်းစဉ်ဖြင့် အထူးဆု(၁)၊ ဦးအေးလွင်ဦး (မင်းလွင်ဦးမောင်)၏ **"လွယ်လွယ်နဲ့ရသုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ"** ခေါင်းစဉ်ဖြင့် အထူးဆု(၂)နှင့် ဦးအောင်ကျော်ထွန်း(အောင်ကျော်ထွန်း-ပုသိမ်ကြီး)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** ခေါင်းစဉ်ဖြင့် အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပိုစတာ** ပြိုင်ပွဲတွင် မနှင်းဝတ်မှုန်အောင်(ကြည်သာနှင်း)၏ **"လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ်တားဆီးမှ"** က ပထမ၊ ဦးအောင်စည်သူ၏ **"နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** က ဒုတိယနှင့် ဦးသက်ပိုင်ဖြိုး (ဂိုးဂိုး)၏ **"နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"** က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးဉာဏ်လင်းထွန်း၏ **"ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"** က အထူးဆု(၁)၊ ဦးနိုင်သူရ၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့ မှုခင်း တိုက်ဖျက်စို့"** က အထူးဆု(၂) နှင့် ဦးအေးလွင်ဦး(မင်းလွင်ဦးမောင်)၏ **"အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့"** က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်ဘုန်းခန့်ကျော်အောင်မြေအင်အား ကိုယ်ပိုင်အလယ်တန်းကျောင်း၊ သန်လျင်မြို့နယ်က ပထမ၊ မဧကရီဇော် အမက(ငွေးပင်)၊ ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မအေးချမ်းဇော် အထက(၈)(ညောင်ပင်စောက်)မုံရွာမြို့နယ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်ဇေရှိုင်း အလက(လေ့ကျင့်ရေး) တောင်ဥက္ကလာပမြို့နယ်က အထူးဆု(၁)၊ မပြည့်မှူးသဒ္ဒါစိုး အလက(မြို့မ) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မဆုပြည့်ရတီ အလက(ခွဲ)(ပေါင်းလောင်း)ပျဉ်းမနားမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်မြတ်မင်းဇော် ကောင်းစုစံပညာရိပ်မွန်ကိုယ်ပိုင်ကျောင်း၊ ရွှေပြည်သာမြို့နယ်က ပထမ၊ မမိရွှေရည်ဖူးပွင့် အထက(၉)မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မောင်စွမ်းဇေယျာ အထက(၁)မိုးညှင်းမြို့နယ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်လင်း အလက(မြို့မ) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မနှင်းဧကရီလင်း စံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်က အထူးဆု(၂) နှင့် မနှင်းထက်စိုပြေ အထက(၁)ဇလွန်မြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မောင်ရဲမွန်အောင် အထက(၁) မိုးညှင်းမြို့နယ်က ဒုတိယနှင့် မမေမြတ်သူ အထက(၆) တောင်ကြီးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စံမင်းမြတ် IEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်က အထူးဆု(၁)၊ မနွေးနွေးလှိုင် အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့က အထူးဆု(၂)နှင့် မဖူးကေခြည် Myayadanar Coach ကိုယ်ပိုင်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်ဖြိုးသီဟကျော် အလက(မြို့မ) ကျောက်တန်းမြို့နယ်က ပထမ၊ မောင်ဟိန်းပြည့်စုံ အလက(မြို့မ)ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မဖူးပြည့်သဇင်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။

### ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် အောင်မြင်မှုများ ရရှိနေသည်ဟု ဆိုနိုင်သော်လည်း အခြားကဏ္ဍများ၌ စိန်ခေါ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ (Controlled Chemicals) နှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများတွင် မပါဝင်သည့် အခြားဓာတုပစ္စည်းပုံစံပြောင်း၍ P2P များ ထုတ်လုပ်တင်သွင်းလာမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါး အသွင်ပြောင်းထုတ်လုပ်နိုင်သည့် ဓာတုဗေဒပညာရပ်များနှင့် ဓာတုပစ္စည်းများ၏ လေ့လာတွေ့ရှိချက်များကို ထိုင်းနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ဆက်စပ်ချိတ်ဆက်နေသည့်ကဏ္ဍများကို ဟန်ချက်ညီတိုက်ဖျက်သွားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပိုမိုမြှင့်တင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများအပြင် ထိန်းချုပ်ဓာတုပစ္စည်းများ အသွင်ပြောင်း ပရီကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော် မူးယစ်ဂိုဏ်းအဖွဲ့များ၊ မူးယစ်တရားခံပြေးများနှင့်ပတ်သက်၍ သတင်းဖလှယ်ခြင်း၊ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ လေ့လာဆန်းစစ်ခြင်း၊ ရေရှည်အစားထိုး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် လိုလားလျက်ရှိပါသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဆောင်ရွက်မှုအနေဖြင့် ဒေသတွင်း ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးများနှင့် စိတ်ပြောင်းဆေးဝါးများ၊ တရားမဝင် ထုတ်လုပ်သည့်စက်ရုံများနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများ၊ မက်သ်အဖက်တမင်း (Methamphetamine) သယ်ဆောင်ရောင်းဝယ်ခြင်း၊ နယ်စပ်ဒေသများတွင် ဘိန်းပင်နှင့်ဆေးခြောက်ပင် တရားမဝင် စိုက်ပျိုးခြင်းတို့နှင့် ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက မူးယစ်ဆေးဝါး သုံးစွဲမှုမြင့်တက်လာမှုနှင့်အတူ ဈေးကွက်ချဲ့ထွင်လာမှု၊ နိုင်ငံဖြတ်ကျော် မူးယစ်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လာမှုများကြောင့် မူးယစ်ဆေးဝါးချက်လုပ်သည့် နည်းလမ်းများ ပြောင်းလဲလာခြင်းနှင့် သန့်စင်မှု ရာခိုင်နှုန်းမြင့်တက်လာခြင်း၊ အမြောက်အမြားထုတ်လုပ်လာမှုများကြောင့် ဈေးနှုန်းကျဆင်းလာခြင်းများနှင့် သုံးစွဲမှုမြင့်တက်လာခြင်းဟူသော သံသရာစက်ဝန်း လည်ပတ်နေလျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့် ဖမ်းဆီးရမိမှုများ မြင့်တက်နေသော်လည်း ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို အထူးဂရုပြုစောင့်ကြည့်သွားရန် လိုအပ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့လူသားမျိုးနွယ် တစ်ရပ်လုံးကို လူညွှန့်တုံးအောင် အန္တရာယ်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်များကို ပြည်သူများနှင့် လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး အရှိန်အဟုန်မြှင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်တက္ကသိုလ် International Girls in ICT Day 2026 အထိမ်းအမှတ် အသိပညာပေးအခမ်းအနားကျင်းပ



ပြည် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ဇွန် ၁၉ ရက်နံနက်ပိုင်းက “International Girls in ICT Day 2026” အထိမ်းအမှတ် AI For Development:Girls Shaping the Digital Future ဟောပြောပွဲ အခမ်းအနားကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က AI နည်းပညာကို အကျိုးရှိရှိအသုံးချနိုင်ရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏သင်ကြားသင်ယူမှုကဏ္ဍတွင် သတင်းအချက်အလက်ရှာဖွေရုံတင်မကဘဲ ဘက်စုံအရည်အသွေး ပိုမိုမြင့်မားလာစေနိုင်ကြောင်း အမှာစကားပြောကြားပြီး ရူပဗေဒဌာနမှ ပါမောက္ခဒေါက်တာမာလာအေးက “Role of Women in Regional Deve-lopment through AI”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိတ်ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမေလွင်ငြိမ်းက“မေးခွန်းမေးခြင်းမှသည် အနာဂတ်ဆီသို့” ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကာ ခင်းကျင်းပြသထားသော AI နည်းပညာဆိုင်ရာ ပြပွဲ၊ ပြခန်းများအား တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**



## ကာလိမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကာလိ ဇွန် ၂၁

၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကွန်ဟိန်းမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့ နယ်မြေခံတပ်နယ်ဝင်းအတွင်း၌ ဇွန် ၁၉ ရက်က ပြုလုပ်ခဲ့ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ကာလိမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်သူနှင့်ဝန်ထမ်းများ၊ ကွန်ဟိန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စစ်သည်များ၊ ရဲမေနှင့် မိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၂၀၀ တို့က ကျွန်းပင် ၃၀၀ နှင့် ရေသင်းဝင်ပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆောင်ရွက်



ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် အခွန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး သဃ်န်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးသူက အခွန်ဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲအား ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မိုး**



## လားရှိုးမြို့၌ ပျိုးပင် ၁၀၈၀ စုပေါင်းစိုက်ပျိုး

လားရှိုး ဇွန် ၂၁

လားရှိုးမြို့၌ မြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ထင်းရှူးတောင်၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ကံ့ကော်၊ ခရေ၊ စိန်ပန်းပြာ၊ မဲဇလီ၊ သစ်လုစသည့် ပျိုးပင် ၁၀၈၀ ကိုပေးအပ်ရာ တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၂၅ ဦးက စုပေါင်းစိုက်ပျိုးပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## သမတောင်သူများအား မျိုးနှင့် သွင်းအားစုပေးအပ်

မင်းဘူး ဇွန် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ သီးနှံမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက လူမှုစီးပွားမြင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်း အရင်းမပျောက်လည်ပတ်ရန် ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက မျိုးနှင့် သွင်းအားစုများ ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သမဝါယမအသင်းသား တောင်သူ ၁၂ ဦးအား စိုက်ဧက ၆၀ အတွက် စုစုပေါင်း ငွေကျပ် ၁၇၂၈၀၀၀၀ နှင့်ညီမျှသော သီးနှံမျိုးစေ့နှင့် သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

*စာမျက်နှာ ၇ မှ*

အလက(ခွဲ)(စက်သစ်)သံဖြူဇရပ်မြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုကျော်သူထက် အမက(၂၂)မြောက်ဒဂုံမြို့နယ်က အထူးဆု(၁)၊ မထက်ဝတ်ရည်လင်း အမက(စံချိန်မီ) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မဆုမြတ်ကြယ်စင် အမက(အောင်သုခ) ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကာတွန်းအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မရွှေဝန်းရံအောင် အထက(၂)ကျောက်တန်းမြို့နယ်က ပထမ၊ မပန်းသခင်ဝင်းကျော် TTEC A-1 ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မောင်ဟိန်းသူရိန်နိုဘယ်(လ်)ရတနာကိုယ်ပိုင်ကျောင်း၊ တောင်ဥက္ကလာပမြို့နယ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းစစ်သျှန် အထက(၁)ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မဆုလဲ့သဒ္ဒါ TTEC A-1 ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မသဒ္ဒါလင်းသိန်းထူးချွန် ကိုယ်ပိုင်ကျောင်း၊ ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိ ကြသည်။

**ကာတွန်းအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံမြို့နယ်က ပထမ၊ မကျော့ယမင်းခိုင် အထက(၁)ဒဂုံ၊ သဃ်န်းကျွန်းမြို့နယ်က ဒုတိယနှင့် မောင်ပြည့်စွမ်းဇော် အထက(၁) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇင်မင်းအောင် အထက(ပန်းတိုင်)ထန်းတပင်မြို့နယ်က အထူးဆု(၁)၊ မဂျူးဂျူးဝတ်ရည် အထက(၄)မကွေးမြို့က အထူးဆု(၂)နှင့် မလုဂျာ အထက(၉)မြစ်ကြီးနားမြို့က အထူးဆု(၃) တို့ ရရှိကြသည်။

**ပိုစတာမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်ကောင်းပြည့် အထက(၁)မိုးညှင်းမြို့နယ်က ပထမ၊ မမြတ်မိုးသဇင် မူလွန်(အိုးတန်းကျောင်း) စစ်တွေမြို့က ဒုတိယနှင့် မဆုသံစဉ်မောင် BMA ကိုယ်ပိုင်အလယ်တန်းကျောင်း၊ မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်မြင့်မိုရ် အလက(မြို့မ)ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မောင်ကျန်စစ်သွေး အလက(၃) ဟသ်ာတမြို့နယ်က အထူးဆု(၂)နှင့် မဇေရီဇော် အမက(ငွေးပင်)ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်သက္ကရာဇ် အထက(၁၀) တောင်ကြီးမြို့က ပထမ၊ မပန်ဆုပြည့်သျှန် The Gread Success ကိုယ်ပိုင်ကျောင်း၊ မြောက်ဒဂုံမြို့နယ်က ဒုတိယနှင့် မနှင်းဇေရီလင်းစံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မဟန်နီကိုကို ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း၊ မကွေးမြို့က အထူးဆု(၁)၊ မဆုမြတ်မိုး အထက(၁)ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မမြတ်မှူးအိမ် အထက(၂)သော်ကကျောင်း၊ ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပိုစတာအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မထက်ဦးရတီ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့က ဒုတိယနှင့် မသော်တာလရောင်အထက(ခွဲ)ဆားစည်၊ မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ပြည့်စွမ်းဇော် အထက(၁)ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မဆုပြည့်ပြည့်ကျော် ပန်းပျိုးခင်းကိုယ်ပိုင်ကျောင်း၊ ဖြူးမြို့က အထူးဆု(၂)နှင့် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်ခြူးသံစဉ်မြတ်သူ အထက(၁)ဒဂုံ၊ ဗဟန်းမြို့နယ်က ပထမ၊ မမိချောအိန္ဒြေလင်း ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မခွန်းချိုသာ ကံ့ကော်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမဟာန္တယ် အလက(ခွဲ)စက်သစ်၊ သံဖြူဇရပ်မြို့နယ်က အထူးဆု(၁)၊ မမိစလွမ်းထော အလက(ခွဲ)စက်သစ်၊ သံဖြူဇရပ်မြို့နယ်က အထူးဆု(၂)နှင့် မောင်အောင်ခန့်သော် အထက(ပထက်)ကျွန်းစုမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံ၊ ဗဟန်းမြို့နယ်က ပထမ၊ မောင်အိုက်ဝမ်း အထက(၉)မြစ်ကြီးနားမြို့က ဒုတိယနှင့် မခေတ်ဇန်နဝါရီခင် အထက(ခွဲ)၊ အလက(၄)မော်လမြိုင်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဂရေ့စ်ဆိုင်းထွယ် အလက(၈)မြစ်ကြီးနားမြို့က အထူးဆု(၁)၊ မောင်ခန့်ဇော်ဟိန်း အလက (ပထက်)ကျွန်းစုမြို့နယ်က အထူးဆု(၂)နှင့် မအိသဥ္ဇာဝင်း အမှတ်(၁)ကိုယ်ပိုင်အထက်တန်းကျောင်း၊ စကုမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

Documentary(သို့)ပညာပေးဇာတ်လမ်းတို(Short Film) ပြိုင်ပွဲဖိတ်ခေါ်ခဲ့သော်လည်း ဒေါ်အေးအေးစိုး(မေသော်ခိုင်)နှင့် ဦးသန်းဝင်း (ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား)တို့ နှစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲဝင်နှစ်ဦး၏ လက်ရာများကို ပြိုင်ပွဲစိစစ်ရေးအဖွဲ့မှ ဆုချီးမြှင့်ရန်အတွက် ရွေးချယ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် ဝင်ရောက်ယှဉ်ပြိုင်သူများဖြစ်သည့် ဒေါ်အေးအေးစိုး (မေသော်ခိုင်)၏ **“မူးယစ်ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ လုံခြုံလှ”** ခေါင်းစဉ်ဖြင့် ပညာပေးဇာတ်လမ်းတိုနှင့် ဦးသန်းဝင်း (ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား)၏ **“လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ်တားဆီးမှ”** ခေါင်းစဉ်ဖြင့် ပညာပေးဇာတ်လမ်းတိုတို့ကို အထူးဆုများ ပေးခဲ့သည်။

ဗဟိုအဆင့် ပြိုင်ပွဲဆုရရှိသူများနှင့် နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အေးသာယာမြို့၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်

**အေးသာယာ ဇွန် ၂၁**

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်းကို အေးသာယာ



မြို့ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်သင်ကြားရာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေက အမှာစကားပြောကြားသည်။

**သင်ကြားပို့ချ**

ထို့နောက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာဆရာမများနှင့် မဟာသိပ္ပံပထမနှစ် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး စာတွေ့လက်တွေ့ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြို့တော်ဆေးရုံ၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံစေရေးအတွက် ဇွန် ၁၉ ရက်က သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ရတနာပုံတက္ကသိုလ်၌ E-Sport (PUPG MOBILE) ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်နှင့် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ်တွင်းပြိုင်ပွဲ (Campus Clash Esports) နှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၉ ရက်က အဆိုပါတက္ကသိုလ်ရှိမိုးလုံလေလုံအားကစားခန်းမ-၁ ၌ ကျင်းပရာ ဘာသာရပ်အသီးသီးမှ ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။




ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက တတိယဆုရရှိသည့် စိတ်ပညာအသင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက ဒုတိယဆုရရှိသည့် ဘူမိဗေဒအသင်းနှင့် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ပထမဆုရ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒအသင်းအား ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**



ချောင်းဆုံမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေကေခိုင်လွင်နှင့် တာဝန်ရှိသူများက ဇွန် ၁၉ ရက်တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ အသံချဲ့စက်များဖြင့် အသိပညာပေးနှိုးဆော်ခြင်းကို ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုကျော်(ချောင်းဆုံ)

## ကလောမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ကလော ဇွန် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၇၀၀) ဆေးရုံဝင်း၌ ယနေ့ နံနက်ပိုင်းက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကလောတပ်နယ်မှူး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများက ပျိုးပင် ၇၆၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **ကျော်ဝင်း(ကလော)**



## မိုင်းနောင်မြို့၌ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်

**မိုင်းနောင် ဇွန် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်မြို့အတွင်းရှိ မိဘပြည်သူများ အားလုံး သန့်ရှင်းသာယာလှပ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်အတွင်း နေထိုင်နိုင်ရေးအတွက် မြို့နယ်ခွဲစည်ပင်သာယာရေးဌာနက မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေး လုပ်ငန်းများကို ဇွန် ၁၈ ရက်က စုပေါင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အာလောဂျုံလမ်းကွန်ကရစ်ခင်းခြင်း၊ မြို့အဝင်ဆိုင်းဘုတ် သုံးခုဆေးသုတ်ခြင်း၊ မြို့တြိဂံကျွန်းတို့တွင် ဆေးသုတ်ခြင်း၊ ပန်းအုတ်ခုံများတွင် ပန်းအလှပင်စိုက်ပျိုးခြင်း၊ လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေချောင်းသန့်ရှင်းရေးနှင့်မြို့တွင်းအမှိုက်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပခုက္ကူ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သက်ကြီးဘိုးဘွားများအား ယမန်နေ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ဒေါ်ဦးဇွန်း ဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွား ၂၃ ဦးအား ကြည့်ရှုစစ်ဆေးကုသပေးခြင်းနှင့်



လိုအပ်သောဆေးဝါးများ ပေးဝေခြင်းတို့ကို ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**မော်လမြိုင်ကျွန်း ဇွန် ၂၁**

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၁၂ ရက်က ဆောင်ရွက်ပေးရာ မြို့နယ်ဦးစီးအရာရှိဦးရဲကျော်နှင့် ဝန်ထမ်းများက လိုအပ်သောအချက်အလက်များ စိစစ်ကောက်ယူ၍ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**





## သံတောင်ကြီး၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**သံတောင်ကြီး ဇွန် ၂၁**

သံတောင်ကြီးခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကရင်ပြည်နယ် သံတောင်မြို့ သံတောင်-ဘောဂလိ ကားလမ်းမဘေးမြေကွက်လပ်၌ ကျင်းပရာ သံတောင်ကြီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက မန်ကျည်းရှား၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ဗာဒံ၊ မဟော်ဂနီ စသည့် ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# သင့်တင့်မျှတသောအာဟာရ၊ ဆီစားသုံးမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု

အောင်မင်း(ပဲခူး)

**ကျန်းမာခြင်းဆိုသည် ရောဂါဘယကင်းရှင်း၍ ခန္ဓာကိုယ်ချို့ယွင်းမှု မရှိရုံမျှသာမက ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့နှင့် ပြည့်စုံနေသော အခြေအနေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုထားပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် နိစ္စဓူဝ နေ့စဉ်မိမိလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို အဆင်ပြေပြေ စွမ်းဆောင်နေနိုင်သော အခြေအနေကို ကျန်းမာရေးကောင်းမွန်နေသော အခြေအနေဟု ဆိုပါသည်။**

မြန်မာတိုင်းရင်းဆေးပညာအလိုအရ လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသည် ထိုသူ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ်တွင် မူတည်နေပါသည်။ မိမိ၏ ကျန်းမာရေးကောင်းမွန်ရေးအတွက် တစ်ဦးတစ်ယောက်တိုင်းမှ

(က) အာဟာရမျှတစွာ စားသုံးရန်၊

(ခ) သင့်တင့်လျောက်ပတ်သော လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ရန်၊

(ဂ) သင့်တင့်လျောက်ပတ်စွာ အနားယူရန်၊

(ဃ) လက်ကို စနစ်တကျ ဆေးကြောခြင်း၊ ရေကောင်းရေသန့် သုံးစွဲခြင်း၊ သန့်ရှင်းသောအစားအစာကို ရွေးချယ်စားသုံးခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသော သန့်ငါးသန့်နှင့်အညီ နေထိုင်ရန်၊

(င) အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ လိင်အပျော်အပါး လိုက်စားခြင်းတို့ကို ရှောင်ကြဉ်ရန်ဟူသော ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည့်၊ ရောဂါဘယများကို ကာကွယ်ပေးနိုင်သည့် ကျန်းမာရေး အမူအကျင့်ကောင်းများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်စွာ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လူတိုင်းလူတိုင်းသည် မှန်ကန်သော ကျန်းမာရေး သတင်းအချက်အလက်များကို လက်လှမ်းမီမီရရှိနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်ရေးတွင် အခြေခံကျသောအချက်ဖြစ်သည့် **“အာဟာရမျှတစွာ စားသုံးရန်”** နှင့် **“ဆီစားသုံးမှု လျှော့ချရန်”** ဆိုသည့်အချက်ကို ဤဆောင်းပါးတွင် ဆွေးနွေးတင်ပြလိုပါသည်။

အာဟာရသည် လူသားတိုင်း၊ သက်ရှိတိုင်း၊ အသက်ရှင်ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းလုပ်ငန်းထဲတွင် အစာစားသောက်ခြင်း၊ ချေဖျက်ခြင်း၊ အစာကိုစုပ်ယူခြင်း၊ ခန္ဓာကိုယ်အတွက် အသုံးချခြင်းနှင့် မလိုအပ်သော အညစ်အကြေးများကို စွန့်ပစ်ခြင်းတို့ ပါဝင်ပါသည်။ အာဟာရဓာတ်ဆိုသည်မှာ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ်အသက်ရှင် ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများပင်ဖြစ်သည်။ ယင်းဇီဝဓာတုပစ္စည်းများကို အစားအစာ များများ စားသုံးခြင်းဖြင့် ရယူလေ့ရှိပါသည်။

အသက်အရွယ်၊ ကျား၊ မ အလုပ်အကိုင်အလိုက် လူ၏ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ၊ အမျိုးအစားစုံလင်စွာ မျှမျှတတပါဝင်သော အစားအစာပင်ဖြစ်သည်။ ထိုအစားအစာများသည် ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်အာဟာရလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အစာများဖြစ်ရမည်။ လူတစ်ဦးချင်းအတွက် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးအားဖြင့်လည်း လိုက်လျောညီထွေရှိပြီး လက်ခံနိုင်သော အစာဖြစ်ရပါမည်။

အာဟာရသည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ အစာထဲတွင်ပါဝင်သော ဓာတုပစ္စည်းများလည်းဖြစ်သည်။ ခန္ဓာကိုယ်တည်ဆောက်ခြင်း၊ အသက်ရှင်ခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးပွားခြင်းတို့အတွက် အာဟာရဓာတ် အမျိုးမျိုးလိုအပ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ် ခြောက်မျိုးမှာ (က) ကစီဓာတ်၊ (ခ) အဆီဓာတ်၊ (ဂ) အသားဓာတ်၊ (ဃ) သတ္တုဓာတ်၊ (င) ဗီတာမင်ဓာတ်နှင့် (စ) ရေဓာတ်တို့ ဖြစ်ကြသည်။

**“ဆီသည် အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေကဲ့သို့ ဆီ၌သာ ပျော်ဝင်သော ဗီတာမင်တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့်အခါ ဆီကိုထည့်သွင်းစားသုံးရန် လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid)ရရှိရန် ဆီကို စားသုံးရပါမည်။ ဆီသည် နှုတ်ကို မြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကို လုံလောက်အောင်စားရန် အရေးကြီး”**

အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား၊ မ၊ လှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေတို့အရ ကွာခြားပါသည်။ အစားအစာများကို ယင်းတို့တွင် ကြွယ်ဝစွာပါဝင်သည့် အာဟာရဓာတ်များ၏ အဓိကအကျိုးပြုမှုပေါ်မူတည်၍ (က) အင်အားဖြစ်စေသော အစာ၊ (ခ) ခန္ဓာကိုယ်ကြီးထွားစေသော အစာ၊ (ဂ) ရောဂါကာကွယ်စေသောအစာဟူ၍ အစာအုပ်စု သုံးစု ခွဲခြားနိုင်သည်။

| အစာအုပ်စု | အာဟာရဓာတ် | ကြွယ်ဝသော အစာများ |
|---|---|---|
| အင်အားဖြစ်စေသောအစာ | ကစီဓာတ် | ကောက်နှံများ၊ သစ်ဥသစ်ဖု၊ အချိုစာများ |
| | အဆီဓာတ် | တိရစ္ဆာန်အဆီ သီးနှံဆီအမျိုးမျိုး |
| ခန္ဓာကိုယ်ကြီးထွားစေသောအစာ | အသားဓာတ် | သား၊ ငါး၊ ဥ၊ နို့၊ ပဲအမျိုးမျိုး |
| ရောဂါကာကွယ်စေသော အစာ | သတ္တုဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | ဗီတာမင်ဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | ရေဓာတ် | အရည်အမျိုးမျိုး၊ အရည်ရွှမ်းသည့် အစာများ |

မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အောက်ဖော်ပြပါအတိုင်း လိုက်နာကျင့်သုံးသင့်ပါသည်-

၁။ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက်ခြောက်လမှ စတင်၍ အာဟာရပြည့်ဝသော ဖြည့်စွက်စာအမျိုးမျိုးကိုအသက်အရွယ်အလိုက် စုံလင်အောင်ကျွေးပါ။

၃။ အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်စေရန် ဆန်၊ ဂျုံ စသည့် ကောက်နှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုး စုံလင်အောင်စားပါ။

၄။ ကလေးများနှင့် ပျိုဖော်ဝင်အရွယ်များ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးနိုင်စေရန် ခန္ဓာကိုယ်ကြီးထွားမှုကို အထောက်အကူပြုသည့် အစာများ ပို၍ကျွေးပါ။

၅။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝသော အစာများ ပိုစားပါ။

၆။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဖောဖောသီသီ စားသုံးပါ။

၇။ အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။

၈။ မိမိအရပ်အမောင်းအလိုက် ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းထားပါ။

၉။ အငန်ကို ဆင်ခြင်၍ မှီဝဲပါ၊ အိုင်အိုဒင်းဆားကိုသာ စားသုံးပါ။

၁၀။ သန့်ရှင်းလတ်ဆတ်၍ဘေးဥပဒ်ကင်းသော အစာများကို ရွေးချယ်ဝယ်ယူစားသုံးပါ။

၁၁။ ကျန်းမာရေးကို အထောက်အကူပြုသော အစားအသောက်ဆိုင်ရာ ယုံကြည်မှုများ၊ ဓလေ့ထုံးစံများ၊ အလေ့အထများကိုလိုက်နာကျင့်သုံးပါ။

၁၂။ သက်ကြီးရွယ်အိုဘဝတွင် အာဟာရကြွယ်ဝသည့် အစာများကိုသာ ရွေးချယ်စားသုံးပါ။

၁၃။ ရေကို လုံလောက်အောင်သောက်ပါ၊ အချိုရည်များကို ဆင်ခြင်၍ သောက်သုံးပါ။

၁၄။ အာဟာရပြည့်ဝမျှတပြီး ကျန်းမာစွာ အသက်ရှည်ရေးအတွက် ဆေးလိပ်မသောက်ပါနှင့်၊ ဆေးမငုံပါနှင့်၊ အရက်ကို အလွန်အကျွံ မမှီဝဲပါနှင့်။

လူကြီးတစ်ဦးအတွက် နေ့စဉ်စားသောက်သည့်အခါ အာဟာရဓာတ်များ မျှတစုံလင်စွာ ပါဝင်အောင် ဂရုစိုက်စားသုံးရပါမည်။ ထမင်းတစ်ပန်းကန်ကို အပိုင်းလေးပိုင်းခွဲပါ၊ လေးပုံတစ်ပုံကို ကစီဓာတ်ပါသောအစာ ဥပမာ- (ထမင်း၊ ခေါက်ဆွဲ)၊ ကျန်လေးပုံတစ်ပုံကို အသားဓာတ်ပါသော အစာများ ဥပမာ-(အသား၊ ငါး၊ ကြက်ဥ)၊ တစ်ဝက်ခန့်ကို အသီးအရွက်များကို စားသုံးပါဟု လမ်းညွှန်ထားသည့် နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာအတိုင်း လိုက်နာစားသုံးသင့်ပါသည်။

မိမိတို့နိုင်ငံသားများ၏ အစာအာဟာရစားသုံးမှု၊ သင့်တင့်မျှတစွာစားသုံးမှု၊ အာဟာရချို့တဲ့မှုတို့ကို လေ့လာဆန်းစစ်ကြည့်သည့်အခါ မိမိလက်လှမ်းမီသော အစားအစာများကို အာဟာရပြည့်အောင် ရွေးချယ်စားသောက်မှုမရှိခြင်း၊ ဆီ၊ ဆား၊ အချိုတို့ကို လိုအပ်သည်ထက် ပိုမိုစားသုံးနေခြင်းကို တွေ့ရှိရပါသည်။ ထို့ပြင် အာဟာရပြည့်ဝစွာ မစားနိုင်သူများ ရှိသကဲ့သို့ လွန်ကဲစွာ စားသုံးခြင်း၊ စနစ်တကျ မစားသောက်ခြင်းကြောင့် အဝလွန်ခြင်းများလည်း ရှိနေပါသည်။

အထူးသဖြင့် ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် ဆီများကို အကြောင်းအမျိုးမျိုးကြောင့် စားသုံးနေခြင်းတို့ကြောင့် မလိုလားအပ်သော၊ မဖြစ်သင့်သော၊ ကာကွယ်၍ရနိုင်သော ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရပါသည်။

**အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။**

ဆီသည် အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေကဲ့သို့ ဆီ၌သာ ပျော်ဝင်သောဗီတာမင်တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့်အခါ ဆီကိုထည့်သွင်းစားသုံးရန် လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid)ရရှိရန် ဆီကိုစားသုံးရပါမည်။ ဆီသည် နှုတ်ကိုမြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကိုလုံလောက်အောင်စားရန် အရေးကြီးပါသည်။

ထို့ကြောင့် ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်သာဖြစ်၏။ သို့သော် ဆီစားသုံးရာတွင် ဆင်ခြင်တတ်ရန် အရေးကြီးပါသည်။

**အဆီများသော အစားအစာများနှင့် အဆီအမျိုးမျိုးကို ဘာကြောင့်ဆင်ခြင်၍ စားသုံးသင့်သလဲ။**

ဆီအစားများသဖြင့် ကယ်လိုရီရရှိမှုသည် လိုအပ်သည်ထက်ပိုနေပါက ခန္ဓာကိုယ်၌ အဆီများစုမိပြီး ဝဖြိုးလာနိုင်သည်။

ခန္ဓာကိုယ်၌ အဆီများစုမိပြီး အဝလွန်လာလျှင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေရောဂါ၊ အဆစ်ရောင်ရောဂါများနှင့် ကင်ဆာရောဂါ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အသည်းအဆီဖုံးရောဂါ စသော မကူးစက်နိုင်သောရောဂါများ) ဖြစ်ပွားနိုင်သည့် အန္တရာယ်ပိုများလာသည်။

**အဆီအမျိုးမျိုးကို ဘယ်လိုဆင်ခြင်ပြီး စားသုံးကြမလဲ။**

နို့၊ မလိုင်၊ ထောပတ် စသည့် တိရစ္ဆာန်ထွက်အဆီများတွင် ပြည့်ဝသော ဖက်တီးအက်စစ် (Saturated Fatty acids)များ ကြွယ်ဝသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ပို၍ များစေပါသည်။ ထိုအဆီများကို ဆင်ခြင်၍ စားသုံးရမည်။

ဆိတ်သား၊ အမဲသား၊ ကြက်၊ ဘဲ၏ အရေပြားစသည်တို့တွင် မျက်စိဖြင့် အလွယ်တကူ မမြင်နိုင်သော အဆီများ ပါရှိနေသည်။ တတ်နိုင်သရွေ့ လျှော့၍ စားသုံးပါ။

ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စသည့် အပင်ထွက်ဟင်းချက်ဆီများတွင် မပြည့်ဝသော ဖက်တီးအက်စစ် (Unsaturated Fatty acids)များ ကြွယ်ဝသဖြင့် အသင့်အတင့် စားသုံးနိုင်ပါသည်။

အစားအစာများကို ဆီနှင့်ကြော်၍ မစားဘဲ ပြုတ်၍စားခြင်း၊ မီးကင်မီးဖုတ်၍ စားခြင်း၊ နို့ကို မလိုင်ထုတ်ပြီးမှ သောက်သုံးခြင်းတို့သည် ဆီကို ဆင်ခြင်၍ စားသည့်နည်းများ ဖြစ်ကြပါသည်။

**ကိုလက်စထရောအဆီဓာတ် (Cholesterol)**

ကိုလက်စထရောအဆီဓာတ်ကိုအစားအသောက်များမှ အဓိကရရှိသည်။ မလုံလောက်လျှင် ခန္ဓာကိုယ်က ထုတ်လုပ်နိုင်သည်။

သွေးထဲတွင် မကောင်းသော ကိုလက်စထရောအဆီဓာတ် အမျိုးအစားအချိုး များလွန်းပါက သွေးကြောများ ကျဉ်းတတ်သည်။ ပိတ်ဆို့တတ်သည်။

ကြက်ဥ၊ ထောပတ်၊ အသည်း၊ ကျောက်ကပ် စသည့် တိရစ္ဆာန်ထွက်အစာများသည် ကိုလက်စထရော ကြွယ်ဝကြသည်။

ပြည့်ဝဆီများ (ဝက်ဆီ၊ အမဲဆီ၊ မလိုင်၊ ထောပတ်) စားခြင်းက သွေးအတွင်း၌ ကိုလက်စထရောပမာဏကို မြင့်စေသည့်အတွက် ပြည့်ဝဆီများစားသုံးခြင်းကို အဓိကထား၍ ရှောင်ကြဉ်ရမည်။ ကိုလက်စထရော ကြွယ်ဝသည့် အစာများကို ဆင်ခြင်စားသုံးသင့်ပါသည်။

ဆီစားသုံးမှုကို လျှော့ချ၍ အာဟာရမျှတအောင် စားသုံးခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် မိမိကိုယ်တိုင်သည်သာ တာဝန်အရှိဆုံးဟု စိတ်ပိုင်းဖြတ်၍ ပြည်သူအားလုံးမှ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်တတ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


**ရည်ညွှန်းကိုးကား**

(၁) **အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၁၃ ခုနှစ်)**


(၂) **လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေး အသိပညာများ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၂၄ ခုနှစ်)**

# ရွှေကျင်မြို့နယ်၌ ကျောင်းအခြေပြုမျက်စိကျန်းမာရေးစစ်ဆေး

**ရွှေကျင် ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဇွန် ၁၇ ရက်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများ၏ မျက်စိကျန်းမာရေး စစ်ဆေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား အမြင်အာရုံစစ်ဆေးပေးခြင်း၊ အမြင်အာရုံချို့တဲ့သူများ၊ မျက်စိစွေခြင်းရှိသူများအား ရှာဖွေဖော်ထုတ်ကာ လွှဲပြောင်းညွှန်းပို့ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်းများ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**





## ရေလှောင်တမံ တည်ဆောက်နေမှုစစ်ဆေး

**ကျောက်ဖြူ ဇွန် ၂၁**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းကျေးရွာရှိ ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံတည်ဆောက်နေမှုကို ဇွန် ၁၈ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးပြီး ကျောက်တန်း(အမက)ကျောင်း၌ ပြုပြင်ရန် လိုအပ်နေမှု ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသို့သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(ပြန်/ဆက်)**

## လင်းခေးမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**လင်းခေး ဇွန် ၂၁**
လင်းခေးမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ "အပြည်ပြည်ဆိုင်ရာရာသီဥတုပြောင်းလဲမှုနေ့" အထိမ်းအမှတ်အဖြစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက လင်းခေးမြို့ တပ်နယ်စိုက်ကွင်းအတွင်း ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တက်ရောက်လာသူများက ကျွန်းပင်၁၀၀၀ ကိုစုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်နယ်မှူးနှင့်အဖွဲ့ဝင်များက သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။
**စိုင်းဇော်လတ်(လင်းခေး)**



## ဆင်းသုခမျိုးစပါးနှင့် လက်ဆွဲမျိုးစေ့ချက်ကိရိယာများပေးအပ်

**လောင်းလုံး ဇွန် ၂၁**
လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယမန်နေ့က စပါးမျိုးများနှင့် လက်ဆွဲမျိုးစေ့ချက်ကိရိယာများ ပေးအပ်ပွဲကို ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းထက်ပိုင်က မျိုးစေ့ချက်ကိရိယာအသုံးပြုခြင်းနှင့် မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများအား မျိုးစေ့နှင့်လက်ဆွဲမျိုးစေ့ချက်ကိရိယာများ ပေးအပ်ခဲ့သည်။ **သိန်းသိန်း(လောင်းလုံး)**

## လယ်ဝေးမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**လယ်ဝေး ဇွန် ၂၁**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က သဲကောကြီးကျေးရွာ ရာပြည့်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အလားတူ ဝက္ကမူကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရာ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**





သာစည်မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က လှိုင်းတက်တိုက်နယ်ဆေးရုံဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက ပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်။ ထွန်းထွန်း(သာစည်)

## တောင်ငူတက္ကသိုလ်၌ အသိပညာပေးဆွေးနွေးပွဲကျင်းပ



**တောင်ငူ ဇွန် ၂၁**
တောင်ငူမြို့ တောင်ငူတက္ကသိုလ် ဥပဒေပညာဌာန၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံး အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ၊ ခေတ်အလိုက် တရားစီရင်ရေး အခြေခံမူများ၊ တရားဥပဒေ စိုးမိုးရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အကောင်အထည်ဖော်မှုများအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် တောင်ငူခရိုင်တရားရုံးမှ တရားသူကြီး ဦးကြည်မင်းစိုးနှင့် ဒုတိယခရိုင်တရားသူကြီး ဦးငွေဝင်းအောင်တို့က ဆွေးနွေးခဲ့ကြပြီး ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမွေ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၀ တက်ရောက်ခဲ့ကြသည်။
**ခရိုင် (ပြန်/ဆက်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး။**

## ၂၀၂၆ ခုနှစ် ဇွန်လ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၇၅)ဒီဂရီဖာရင်ဟိုက်မှ (၈၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် (၈၇)ဒီဂရီ ဖာရင်ဟိုက်မှ (၉၈)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (၅၈)ဒီဂရီဖာရင်ဟိုက်မှ (၆၉)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၇၀)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၇၄ ရာခိုင်နှုန်း)မှ (၈၅ ရာခိုင်နှုန်း)အတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (၈၆ ရာခိုင်နှုန်း)မှ (၉၇ ရာခိုင်နှုန်း)အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (၁၉)မီလီမီတာမှ (၂၉)မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် ၄၀ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (ပြည့်ဝ)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာ့အရေး နှင့် ကမ္ဘာ့အရေး

## ထူးခြားလှပအရွယ်ကြီးမားသည့် နီလာအရိုင်းတုံးနှင့် ပုံဆောင်ခဲ နိုင်ငံတော်ထံ အပ်နှံ

၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစား ကြီးမားသည့် နီလာအရိုင်းတုံးကြီး အလေးချိန်




၁၄၃၀၀ ဂရမ် (၇၁,၅၀၀ ကရက်) နှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ် (၁၇၇၃ ဒသမ ၈၅ ကရက်) တို့အား နိုင်ငံတော်ထံသို့ လာရောက်အပ်နှံခဲ့သည်။ နီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁,၅၀၀ ကရက်)ရှိသဖြင့် အရွယ်အစားကြီးမားသော ကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီး ရှားပါးကြောင်း၊ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် အရိုင်းတုံးကြီးဖြစ်သည်။ အဆိုပါနီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၁၄ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

## တရုတ်-မြန်မာ အသိုက်အဝန်း၏ နှစ်နိုင်ငံ ပူးတွဲကြေညာချက်ထုတ်ပြန်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များက တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်အတွက် ပူးတွဲကြေညာချက်ကို ဇွန် ၁၇ ရက်က ထုတ်ပြန်ခဲ့ကြသည်။ ယင်းတွင် နှစ်နိုင်ငံ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် အဓိကအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ မန္တလေး-မူဆယ်ရထားလမ်း၊ စွမ်းအင်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်သွားရန် သဘောတူခဲ့ကြသည်။ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေးအတွက် ဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်ကို မြင်တွေ့ရသည်။

## နိုင်ငံတစ်ဝန်း Placement Test စာမေးပွဲများဖြေဆို

နိုင်ငံတော်အစိုးရက အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းနေအရွယ် ကလေးများ အားလုံး ပညာသင်ကြားနိုင်သည့်အခွင့်အရေး မဆုံးရှုံး စေရေးအတွက် Placement Test (အထူးအစီအစဉ်) ဖြင့် Grade-1 မှ Grade-8 အဆင့်အထိ ကျောင်းသား ကျောင်းသူများအတွက် အရည်အချင်းစစ်စာမေးပွဲကို ဇွန် ၁၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အရပ်ရပ်တွင် Placement Test (အထူးအစီအစဉ်) စာမေးပွဲများကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုခဲ့ကြသည်။ ▪



## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင် အမြင်ချင်းဖလှယ် ဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန် ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံရာ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြိုဆိုကြပြီး ဂုဏ်ပြုအမြောက်တပ်ဖွဲ့က အမြောက် ၂၁ ချက် ဂုဏ်ပြုပစ်ဖောက်ခြင်း၊ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြု အလေးပြုခြင်းတို့ဖြင့် ကြိုဆိုသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(Global Security Initiative-GSI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရများအကြား ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative-GCI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative - GDI) အကောင်အထည်ဖော် ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့အပါအဝင် နှစ်နိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ သတင်းမီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၊ နည်းပညာနှင့် အသိပညာဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍတို့၌ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက သမ္မတနှစ်ဦးရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

## သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင်းအမှတ်(၂၂)ရှိ သဲကြောများအား တိုးချဲ့သေနတ်ဖောက်ယူခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၁ ဒသမ ၄ ကုဗပေသန်းခန့် တိုးတက်ထုတ်ယူရရှိခဲ့သဖြင့် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ အလုပ်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အရောင်းဆိုင်များသို့ ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

## မြောင်းတကာစက်မှုဇုန်တွင် ဓာတ်အားခိုးယူသုံးစွဲသည့်စက်ရုံအား အရေးယူ

မြောင်းတကာစက်မှုဇုန်၊ မြေကွက်အမှတ်(၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd. သံရည်ကျိုစက်ရုံသည် မီတာအား မသမာသောနည်းဖြင့် ဖွင့်၍ ပြုပြင်ပြီး ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် လျှပ်စစ်ဓာတ်အားယူနစ် ၅၀၆၈၈၀၀ အတွက် ငွေကျပ် သန်း ၄၅၀၀ ကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်ဥပဒေနှင့်အညီ မှော်ဘီမြို့မရဲစခန်း၌ ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်တွင် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

## ရန်ကုန်ကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့



ကလေးဆေးရုံကြီး-ရန်ကုန်တွင် အသက် (၂)နှစ် (၅)လအရွယ်ရှိ ရင်ချင်းဆက်အမြွှာ မိန်းကလေးများဖြစ်ကြသည့် မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့အား ခွဲစိတ်ကုသမှုကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှ စတင်ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီ ၃၅ မိနစ်ကြာဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ကလေးမိခင်မှာ ပခုက္ကူမြို့မှ ဖြစ်ပြီး ဒုတိယမြောက်ကိုယ်ဝန်ဖြစ်ကာ ဗဟိုအမျိုးသမီးဆေးရုံ(မန္တလေး)တွင် ခွဲစိတ်မွေးဖွားခဲ့သည်။ အမြွှာကလေးများကို မွေးဖွားပြီးချိန်မှစ၍ မန္တလေးကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် ထားရှိစောင့်ရှောက်ကာ ယခုနှစ် ဇွန် ၁၁ ရက်တွင် ခွဲစိတ်ကုသမှုအဖွဲ့ နှစ်ဖွဲ့ဖြင့် ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ပါမောက္ခကြီးများက ဦးဆောင်ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။

## ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်ကြောင့် လူ ခုနစ်သိန်းကျော် ဘေးသင့်

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌ ဇွန် ၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်ကြောင့် အနည်းဆုံး လူ ၆၁ ဦး သေဆုံးခဲ့ပြီး ၄၀ ပျောက်ဆုံးနေကာ ၁၄၀၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ငလျင်ကြောင့် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်း ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ကောင်စီက ထုတ်ပြန်ထားသည်။

## ပေကျင်း အာကာသမြို့တော်သို့ သွားရောက်လေ့လာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုင်ငံတော်အဆင့်၊ ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် အာကာသမြို့တော် (Aerospace City) သို့ သွားရောက်လေ့လာကြသည်။ Exhibition Hall အတွင်း လှည့်လည်ကြည့်ရှုကြပြီး တရုတ်နိုင်ငံမှ အာကာသအတွင်းသို့ အာကာသယာဉ်များ လွှတ်တင်နိုင်ခဲ့မှုသမိုင်းကြောင်းနှင့် အာကာသစခန်း တည်ဆောက်နိုင်ခဲ့မှုများ၊ လပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့မှု၊ ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံတွင် မြှင့်တင်နိုင်ရေး၊ မြန်မာ့လယ်ယာနှင့် MSME ထုတ်ကုန်များအတွက် Quarantine စံနှုန်းဆိုင်ရာ နည်းပညာပံ့ပိုးမှု မြှင့်တင်ရေးနှင့် နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေးကဏ္ဍများတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ လျှပ်စစ်စွမ်းအင် လိုအပ်ချက်အတွက် တည်ငြိမ်သည့် စွမ်းအင်စနစ်တည်ဆောက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာပိုင်းတို့တွင် တရုတ်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်ရေး၊ မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ လိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့အတူ မွန်းလွဲပိုင်းက တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။



## နိုင်ငံတော်သမ္မတ MCITP– 2026 ရှန်ဟိုင်းသို့ တက်ရောက်

ရှန်ဟိုင်းမြို့၌ ကျင်းပသည့် Myanmar–China Investment and Trade Networking Summit (MCITP–2026) ကို ဇွန် ၁၈ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ခဲ့ပြီး မြန်မာ–တရုတ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာဆွေးနွေးပြောကြားရာ သမ္မတက မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် တည်နေရာ၊ သဘာဝသယံဇာတများနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို မိတ်ဆက်ကာ တရုတ်လုပ်ငန်းရှင်များအား လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ–တရုတ်ကုမ္ပဏီများ၏ ပြခန်း ၃၅ ခန်း ပါဝင်ပြသခဲ့သည်။

## မြန်မာ့မီးရထား ပိုမိုအဆင့်မြှင့်တင်နိုင်ရေး လေ့လာမေးမြန်းဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတသည် ဇွန် ၁၇ ရက်က တရုတ်မီးရထားလမ်း တည်ဆောက်ရေး ကော်ပိုရေးရှင်း (CRCC) သို့သွားရောက်လေ့လာခဲ့ပြီး ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် High–Speed Railway G23 ပေါ်၌ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုများကိုလည်း မြန်မာ့မီးရထားဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရာတွင် အတွေ့အကြုံယူ အသုံးပြုနိုင်ရေးအတွက် မေးမြန်းလေ့လာဆွေးနွေးခဲ့သည်။



## နိုင်ငံတော်သမ္မတ ဟန်ကျိုးမြို့ရှိ နည်းပညာမြင့်စက်ရုံများ လေ့လာ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက်က ဟန်ကျိုးမြို့ရှိ Zhejiang Leapmotor Technology Co., Ltd. ၌ လျှပ်စစ်ကားနှင့် မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုလုပ်ငန်း၊ Zhejiang Qingshi New Material Technology Co., Ltd. ၌ ဝါးချည်မျှင်၊ အထည်အလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာများနှင့် Unitree Robotics Co., Ltd. ၌ AI နည်းပညာသုံး လူသားပုံနှင့် တိရစ္ဆာန်ပုံစက်ရုပ်များ၏ စွမ်းဆောင်ရည်များကို ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

## ငြိမ်းချမ်းရေးဆွေးနွေး

အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသည် NDAA နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့နှင့် ဇွန် ၁၉ ရက်က တွေ့ဆုံဆွေးနွေးရာ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ပြီး နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ရှိခဲ့သည်။

## PDF အမည်ခံအဖွဲ့ဝင် ၃၆၀ ကျော် အလင်းဝင်

PDF အမည်ခံအဖွဲ့ဝင် ၃၇၆ ဦး (အမျိုးသား ၃၃၈ ဦး၊ အမျိုးသမီး ၃၈ ဦး) သည် ဇွန် ၁၉ ရက်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ၎င်းတို့သည် မန္တလေးတိုင်းနှင့် အခြားဒေသများမှ ဝင်ရောက်လာသူများဖြစ်ပြီး MA, AK အမျိုးအစားသေနတ်များအပါအဝင် လက်နက်ခဲယမ်းအမျိုးမျိုးကို တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံခဲ့ကြရာ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခြင်းနှင့်အတူ ဆုကြေးငွေများပေးအပ်ခဲ့သည်။

## အမေရိကန်-အီရန် ငြိမ်းချမ်းရေး သဘောတူညီချက် ကုလအတွင်းရေးမှူးချုပ် ကြိုဆို

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့အကြား အမြန်ဆုံးနှင့် အမြဲတမ်းအပစ်အခတ်ရပ်စဲရန်၊ ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရန်နှင့် ရှေ့ဆက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် မူဘောင်တစ်ခုပါဝင်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ရရှိခဲ့ခြင်းအပေါ် ကြိုဆိုကြောင်း ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

## တစ်နှစ်ကျော်အတွင်း အွန်လိုင်းလိမ်လည်သူ နိုင်ငံခြားသား တစ်သောင်းကျော် ထိန်းသိမ်းနိုင်ခဲ့

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦး မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသား လေးဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ဥပဒေအရ အရေးယူမှုခံရသူများအား ဥပဒေနှင့်အညီဆောင်ရွက်ခြင်းနှင့် ပြည်နှင်လွှဲပြောင်းရမည့်သူများအား လွှဲပြောင်းနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

## သိန်းပေါင်း တစ်သောင်းကျော် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ


မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ဒုံသမိတံတားဂိတ်တွင် စစ်ဆေးရေးအဖွဲ့က PAJERO မော်တော်ယာဉ်တစ်စီးကို ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၄၆၆၀၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၃၉၈၀ ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယာဉ်မောင်း ကျော်မင်းနိုင်(ခ) သိန်းဇော် (၃၅) နှစ် မောင်းနှင်လာသည့် ယာဉ်အတွင်း နေရာအမျိုးမျိုးရှိ အံ့ဝှက်များအတွင်းမှ အထုပ်ခွဲသိုဝှက်ထားသော မူးယစ်ဆေးဝါးများကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။ ဖမ်းဆီးရမိသူနှင့် သက်သေခံမော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းထားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်တင်းကျပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် အလားအလာရှိ သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိ

ပင်လယ်ရေအောက်သဲကြောများအား သရီးဒီစနစ်ဖြင့် ဖော်ထုတ်ထားသည့် အချက်အလက်များနှင့် စမ်းသပ်တူးဖော်ခဲ့သည့် ရှာဖွေရေးတွင်းရလဒ်များအရ ကမ်းလွန်စီမံကိန်း လေးခုအကောင်အထည်ဖော်လျက်ရှိရာ ဧရာဝတီကမ်းလွန်ဒေသလုပ်ကွက်မှာ ရာနှုန်းပြည့်သေချာမှုရှိသည့် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေအထိ ထွက်ရှိရန် အလားအလာရှိသော ဓာတ်ငွေ့သိုက်ဖြစ်ပြီး တနင်္သာရီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းရှိစီမံကိန်းမှာလည်း သဘာဝဓာတ်ငွေ့သိုက်ဟု အတည်ပြုထားပြီး သေချာမှု ၉၀ ရာခိုင်နှုန်း ပမာဏ ၉၅ ထရီလီယံ ကုဗပေခန့်ရှိသဖြင့် အစမ်းတွင်းများ ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

## ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိ

တပ်မတော်စစ်ကြောင်းများက ကလေး–တမူးလမ်းကြောင်းပေါ်ရှိ ခါမ်းပါတ်မြို့အား ဇွန် ၂၀ ရက်က ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည်။ ယခင်က အကြမ်းဖက်အဖွဲ့များ ယာယီစိုးမိုးထားသည့် ကျေးရွာများကို အဆင့်ဆင့် ပြန်လည်ထိန်းချုပ်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက် လုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ လက်ရှိတွင် ကလေး–တမူး လမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ မိုင်းရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။




## မြိုင်မြို့နယ်၌ လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ ထပ်မံဖယ်ရှား

မြိုင်မြို့နယ် ကမ္ဘ–မြိုင်ကားလမ်းပေါ်တွင် PDF အဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ ကို လုံခြုံရေးတပ်ဖွဲ့များက ဇွန် ၂၀ ရက်တွင် တွေ့ရှိဖယ်ရှားရှင်းလင်းခဲ့သည်။ မိုင်းများတွင် ကားမိုင်း၊ နင်းမိုင်းနှင့် လက်လုပ်ရှေ့ထွက်မိုင်းများပါဝင်ပြီး နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှ တွေ့ရှိခဲ့သည်။ ထို့အပြင် ပျက်စီးနေသည့် တံတားတစ်စင်းကိုလည်း တပ်မတော်သားများက ပြန်လည်ပြုပြင်ပေးခဲ့သည်။

## တူကီယဲက ရိုမေးနီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် စစ်ရေယာဉ် တင်ပို့ရောင်းချ

**အစ္စတန်ဘူလ် ဇွန် ၂၁**

တူကီယဲနိုင်ငံသည် အရောင်းအဝယ် စာချုပ် သဘောတူညီချက်အရ နေတိုးနှင့်ဥရောပသမဂ္ဂ နှစ်ခုစလုံး၏ အဖွဲ့ဝင်ဖြစ်သော ရိုမေးနီးယားနိုင်ငံသို့ CAm. Roman အမည်ရှိ စစ်ရေယာဉ်တစ်စင်းကို ပထမဆုံးအကြိမ် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ရိုမေးနီးယားသမ္မတ နီကူဆောဒန်းတို့သည် အစ္စတန်ဘူလ်သင်္ဘောကျင်းကွပ်ကဲမှုဌာနတွင်ပြုလုပ်သော ယင်းစစ်ရေယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ကြသည်။



တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ရိုမေးနီးယားသမ္မတ နီကူဆောဒန်း။

တိုက်ရိုက် ထုတ်လွှင့်သည့် စစ်ရေယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အာဒိုဂန်က ယင်းသင်္ဘောတွင် ပြည်တွင်းထုတ် တိုက်ခိုက်ရေးစီမံခန့်ခွဲမှုစနစ်များ၊ ရှာဖွေရေးနှင့် ပစ်ခတ်ထိန်းချုပ်မှု ရေဒါများ၊ ဆိုနာစနစ်များ စသည် တို့ တပ်ဆင်ထားကြောင်းပြောသည်။

ဆင်ဟွာ

## ဩစတြေးလျအစိုးရ လောင်စာဆီရောင်းချမှုအပေါ် အခွန်လျှော့ချခြင်းအစီအစဉ် သက်တမ်းတိုးမည်

**ကင်ဘာရာ ဇွန် ၂၁**

လောင်စာဆီရောင်းချမှုအပေါ် အခွန်လျှော့ချခြင်းကို တစ်လကြာ ထပ်မံသက်တမ်းတိုးသွားမည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရက ဇွန် ၂၁ ရက်တွင် ကြေညာသည်။

လောင်စာဆီအခွန်လျှော့ချမှုကို ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂ ရက်အထိ တစ်လီတာလျှင် ၃၂ ဆင့် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၂ ဒေါ်လာခန့်) လျှော့ချပေးရာမှ တစ်လီတာလျှင် ၁၆ ဆင့်အထိ မူလအနေအထားအတိုင်း ပြန်လည်ထားရှိမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်က ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ဖက်ဒရယ်အစိုးရသည် လောင်စာဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်မှုကို တုံ့ပြန်ရာတွင် ဧပြီ ၁ ရက်မှ သုံးလအထိ တစ်လီတာလျှင် ၂၆ ဒသမ ၃ ဆင့်အထိ အခွန်လျှော့ချကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ၌ နိုင်ငံ၏ခဲမပါသောလောင်စာဆီ ပျမ်းမျှဈေးနှုန်းမှာ ဇွန် ၁၄ ရက် ကုန်ဆုံးသည့် သီတင်းပတ်အတွက် တစ်လီတာလျှင် ဩစတြေးလျဒေါ်လာ ၁ ဒသမ ၆၉ ဒေါ်လာရှိပြီး မတ် ၂၉ ရက်အထိ တစ်ပတ်တာအတွက် တစ်လီတာလျှင် ဩစတြေးလျဒေါ်လာ ၂ ဒသမ ၅၃ ဒေါ်လာအထိ စံချိန်တင်မြင့်တက်ရာမှ လျော့နည်းကျဆင်းကြောင်း ဩစတြေးလျရေနံအဖွဲ့အစည်း၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနား ကျင်းပ

**နယူးဒေလီ ဇွန် ၂၁**

(၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားကို အိန္ဒိယနိုင်ငံ၌ ဇွန် ၂၁ ရက်က ကျင်းပခဲ့သည်။

အနောက်ဘင်ဂေါ ပြည်နယ်မြို့တော်ဖြစ်သည့် ကိုလ်ကတ္တားမြို့တွင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အဓိကအခမ်းအနားကို ကျင်းပခဲ့သည်။



ကိုလ်ကတ္တားမြို့ လမ်းမထက်တွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်သည့် ထောင်နှင့်ချီသည့် လူအုပ်ကြီးသည် နံနက်ခင်း လေ့ကျင့်ခန်းကို သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။ ယောဂလေ့ကျင့်မှုသည် သာမန် ကိုယ်ကာယ လေ့ကျင့်ခန်းတစ်ခု မဟုတ်သကဲ့သို့ အသက်အရွယ် အပိုင်းအခြားဖြင့် ကန့်သတ်ထားနိုင်သည့်အရာလည်း မဟုတ်ကြောင်း၊ ယောဂသည် အသိစိတ်ဓာတ်၊ တက်ကြွမှုနှင့် အတွင်းပိုင်း အလင်းရောင်တို့၏ အရင်းအမြစ်ဖြစ်ပြီး လူ့ဘဝ၏အဆင့်တိုင်းကို ပိုမိုကြွယ်ဝစေသည်ဟု ၎င်းက ဆက်ပြောသည်။ အသက်ကြီးရင့်လာလျှင်ပင် ကျန်းမာသန်စွမ်းပြီး ခွန်အားပြည့်ဝမှုကို အပြည့်အဝပေးစွမ်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်က ကုလသမဂ္ဂသည် ဇွန်လ ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ယောဂသည် အိန္ဒိယနိုင်ငံမှ စတင်အခြေပြုသည့် ရှေးဟောင်း စိတ်ပိုင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

ဆင်ဟွာ

## ပိတ်ရက်ကာလ နောက်ဆုံးရက်တွင် တရုတ်နိုင်ငံ၏ ရထားဝန်ဆောင်မှုမှ ခရီးသွား ၁၇ သန်း ဝန်ဆောင်မှုပေးရန်မျှော်မှန်း

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံ၏ ရထားကွန်ရက်သည် Dragon Boat Festival နောက်ဆုံးနေ့ဖြစ်သည့် ဇွန်၂၁ ရက်တွင် တစ်နိုင်ငံလုံးအနှံ့ ပြန်လာသည့်ခရီးသည်များပြားသဖြင့် ခရီးသွား ၁၇ ဒသမ ၉၄ သန်းကို ဝန်ဆောင်မှုပေးနိုင်မည်ဟု မျှော်မှန်းထားသည်ဟု တရုတ်နိုင်ငံ ရထားကော်ပိုရေးရှင်းက ပြောသည်။

ခရီးသွားလာမှုအမြင့်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိစေရန် နောက်ထပ်ခရီးသည်တင်ရထား ၁၃၅၅ စင်းကို အဆိုပါနေ့အတွက်ပြေးဆွဲပေးရန် စီစဉ်ထားသည်ဟု အမျိုးသားရထားအော်ပရေတာက ပြောသည်။ တရုတ်နိုင်ငံ ရထားဌာနသည် ဇွန် ၂၀ ရက်တွင် ခရီးသည်ပေါင်း ၁၂ ဒသမ ၁၄ သန်းကျော်ကို ဝန်ဆောင်မှုပေးခဲ့ပြီး ယင်းနေ့တစ်နေ့လုံးတွင် ခရီးသွားလာမှုလုပ်ငန်းများမှာ လုံခြုံမှု၊ တည်ငြိမ်မှုနှင့် အစီအစဉ်အတိုင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ရန်ပုံငွေလျှော့ချမှုများက အာရှပစိဖိတ်ဒေသ HIV တိုက်ဖျက်ရေးကို ခြိမ်းခြောက်လာနိုင်သည်ဟု WHO သတိပေး

**မနီလာ ဇွန် ၂၁**

ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေများ ဖြတ်တောက်ခံရခြင်းသည် အာရှပစိဖိတ်ဒေသရှိ HIV တိုက်ဖျက်ရေးကို အားနည်းသွားစေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး WHO ၏ အနောက်ပစိဖိတ်ဆိုင်ရာ ဒေသတွင်းရုံးက ဇွန် ၁၉ ရက်တွင် သတိပေးခဲ့သည်။ အဆိုပါဒေသရှိ လူပေါင်းခုနစ်သန်းခန့်မှာ HIV ရောဂါကူးစက်ခံထားရပြီး နှစ်စဉ်ကူးစက်ခံရသူပေါင်း ၂၈၀၀၀၀ ခန့်ရှိကာ AIDS ရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀၀ ခန့်ရှိကြောင်း WHO ၏ ဒေသဆိုင်ရာအေဂျင်စီက ပြောသည်။ ဖီဂျီ၊ ဖိလစ်ပိုင်နှင့် ပါပူအာနယူးဂီနီအပါအဝင် နိုင်ငံအများအပြားသည် ကမ္ဘာပေါ်တွင် HIV ကူးစက်ခံရမှုနှုန်း မြင့်မားသည့်နိုင်ငံများထဲတွင် ပါဝင်နေသည်ဟု သိရသည်။

ဆင်ဟွာ

## မေလနောက်ပိုင်း ကျန်းမာရေးလုပ်သား ၇၅ ဦး အီဘိုလာရောဂါကူးစက်ခံရပြီး ၁၇ ဦး သေဆုံးဟုဆို

**ဂျီနီဗာ ဇွန် ၂၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော အီဘိုလာရောဂါကူးစက်ဖြစ်ပွားချိန်အတွင်း အစောဆုံးကူးစက်ခံရသူများတွင် ကျန်းမာရေးလုပ်သားများလည်းပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးတန်းအရာရှိတစ်ဦးက ဇွန် ၁၉ ရက်တွင် ပြောသည်။

အီဘိုလာရောဂါကူးစက်ဖြစ်ပွားကြောင်း တရားဝင်ကြေညာသည့် မေ ၁၅ ရက်မှစတင်ကာ ကျန်းမာရေးလုပ်သား ၇၅ ဦး ကူးစက်မှုဖြစ်ပွားပြီး ၁၇ ဦး သေဆုံးကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ဆိုင်ရာ ညွှန်ကြားရေးမှူး မာရီရိုဆယ်လင်း ဘဲလီဇိုင်းက ပြောကြားသည်။

လက်ရှိအချိန်အထိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု အတည်ပြုလူနာပေါင်း ၈၉၆ ဦးနှင့် သေဆုံးသူပေါင်း ၂၃၂ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

## နဝမမြောက် ကမ္ဘာ့အကြီးဆုံး လက်နက်တင်ပို့သည့်နိုင်ငံ တောင်ကိုရီးယားဖြစ်လာ

**ဆိုးလ် ဇွန် ၂၁**

တောင်ကိုရီးယားနိုင်ငံသည် လက်နက်တင်ပို့မှု အလျင်မြန်ဆုံးမြင့်တက်လာသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်လာကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအင်စတီကျု(SIPRI)၏ အချက်အလက် အသစ်များအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးကုမ္ပဏီများ၏ ဝင်ငွေမှာ ၂၀၂၁ ခုနှစ်ကထက် လေးဆနီးပါးမြင့်တက်လာမည်ဟု SIPRI က ခန့်မှန်းထားသည်။ တောင်ကိုရီးယားနိုင်ငံသည် ယခုအခါ နဝမမြောက် ကမ္ဘာ့အကြီးဆုံး လက်နက်တင်ပို့သည့်နိုင်ငံဖြစ်လာကြောင်း၊ Hanwha Group၊ Hyundai Rotem၊ LIG Nex1 နှင့် Korea Aerospace Industries စသည့် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး ကာကွယ်ရေး ကုမ္ပဏီလေးခုပေါင်း ဝင်ငွေမှာ ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံခန့်အထိ ရောက်လာဖွယ်ရှိပြီး ယင်းမှာ ၂၀၂၁ ခုနှစ်က ပမာဏထက် လေးဆနီးပါး ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။



ထို့အပြင် တောင်ကိုရီးယားနိုင်ငံသည် ဥရောပရှိနေတိုးအဖွဲ့ဝင်နိုင်ငံများထံသို့ လက်နက်တင်ပို့ရောင်းချမှုတွင် ဒုတိယမြောက် အကြီးဆုံးနိုင်ငံ ဖြစ်လာကြောင်းလည်း SIPRI ၏ အချက်အလက်အသစ်တွင် ဆက်လက်ဖော်ပြထားသည်။

Sputnik

## မွန်ဂိုလီးယား၌ မျိုးသုဉ်းလုနီးပါးဖြစ်သည့် သမင်နီများ တရားမဝင်ဖမ်းဆီးသည်ဟု သံသယရှိသူကို ဖမ်းဆီးထိန်းသိမ်း

**အူလန်ဘာတာ ဇွန် ၂၁**

မွန်ဂိုလီးယားရဲတပ်ဖွဲ့သည် မျိုးသုဉ်းလုနီးပါးဖြစ်သည့် သမင်နီများကို တရားမဝင်ဖမ်းဆီးသည်ဟု သံသယရှိသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း နိုင်ငံ၏ ဂေဟစနစ်ထိန်းသိမ်းရေးရဲတပ်ဖွဲ့က ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ သံသယရှိသူကို မွန်ဂိုလီးယားနိုင်ငံ စယ်လန်ဂေးပြည်နယ်မြောက်ပိုင်း အုပ်ချုပ်ရေးဒေသခွဲတစ်ခုဖြစ်သည့် စာဂါနူအာဒေသ၌ ယခုသီတင်းပတ်အတွင်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၏ ဥပဒေအရ မျိုးသုဉ်းလုနီးပါးဖြစ်သည့် သမင်နီများကို တရားမဝင်ဖမ်းဆီးသတ်ဖြတ်သည်ဟု အပြစ်ရှိပါက အမေရိကန်ဒေါ်လာ ၇၅၂၀ ခန့် ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ် တစ်နှစ်မှ ငါးနှစ်အတွင်း ထောင်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

## သဲကုန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



သဲကုန်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေပြင်အသက်ကယ်ဆယ်ရေးနှင့် ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြခြင်းကို ယမန်နေ့က ကန်တော်မင်္ဂလာရေကန်အတွင်း ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်မင်းထိုက် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်၊ ရှာဖွေကယ်ဆယ်ရေးတပ်စုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဝင်များ ပူးပေါင်း၍ ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ စက်စွမ်းရည်ပြသခြင်း၊ Water Rescue Robot အသုံးပြု၍ ရေနစ်နေသူအား ကယ်ဆယ်ခြင်း၊ ဒဏ်ရာရလူနာအား ရှေးဦးသူနာပြုစုခြင်း စသည်တို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စမ်းချောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများကို ဇွန် ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းငြိမ်းနှင့် အဖွဲ့ဝင်များက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၅၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



## စပါးခွံဇီဝမီးသွေး မြေဩဇာပြုလုပ်နည်း သရုပ်ပြ

ပဲခူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဒေသခံတောင်သူများအား စပါးခွံဇီဝမီးသွေးမြေဩဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က အိုးဘိုကျေးရွာအုပ်စု၌ ပြုလုပ်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြိုင်က စပါးခွံဇီဝမီးသွေး မြေဩဇာပြုလုပ်နည်း အဆင့်ဆင့်နှင့် လိုအပ်သည့်ပစ္စည်းများ၊ သီးနှံစိုက်ခင်းတွင် ထည့်သွင်းသုံးစွဲရမည့် နှုန်းထားများ၊ သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စပါးခွံဇီဝမီးသွေး မြေဩဇာပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ညောင်တုန်း ဇွန် ၂၁

ညောင်တုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အုန်းပင်စုကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## လွိုင်လင်မြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုး

လွိုင်လင် ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က တပ်ဦးရတနာစည်စာသင်တိုက်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ လွိုင်လင်တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက သစ်ပင်အမျိုးအစား ၁၁ မျိုး၊ ပျိုးပင်ပေါင်း ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး



## ကျိုက်ထိုမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးဟောပြော

ကျိုက်ထို ဇွန် ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ကျိုက်ထို)တို့ ပူးပေါင်းပြီး မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က အထက(ခွဲ) ဇေယျာမွန်ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာများကို ဟောပြောပြီး အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ကျိုက်ထို)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်သက်နေလင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## မအူပင်မြို့နယ်အတွင်း ကြိုးကြာခေါင်းနီငှက်အကောင်ရေ ၂၀၀ ကျော် အုပ်စုတစ်စု အရေအတွက်အများဆုံးစုဖွဲ့မှုအဖြစ် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့



မအူပင် ဇွန် ၂၁

၂၀၁၅ ခုနှစ်မှ လက်ရှိအချိန်ထိ ၁၁ နှစ်တာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့၌ ကြိုးကြာခေါင်းနီငှက်သားပေါက်ရာသီ ကာလအလွန် ငှက်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို နှစ်စဉ်လုပ်ဆောင်ခဲ့ရာ ယခုနှစ်မေလအတွင်း မအူပင်မြို့နယ်တွင် ငှက်ကောင်ရေ ၂၀၀ ကျော်ကို အုပ်စုတစ်စုတည်း၌ အရေအတွက် အများဆုံးစုဖွဲ့မှုအဖြစ် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း Myanmar Crane Conesrvation group မှ ငှက်ပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

“အခုလိုငှက်ကောင်ရေအရေအတွက်အများဆုံးစုဖွဲ့မှုကို တွေ့ရှိလာတာက ကြိုးကြာခေါင်းနီငှက်တွေရဲ့ ကောင်ရေ၊ သားပေါက်မှုအခြေအနေ၊ နေထိုင်ကျက်စားရာနေရာတွေကို ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကွင်းဆင်းလေ့လာရေး လုပ်ငန်း၊ ထိန်းသိမ်းရေးလုပ်ငန်းတွေကို နှစ်စဉ်စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ခဲ့လို့ အခုလို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တာဖြစ်ပါတယ်”ဟု Myanmar Crane Conservation group မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဌာနေငှက်ဟုခေါ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)နှင့် ဆောင်းရာသီရောက်မှသာ မြန်မာနိုင်ငံသို့ လာရောက်တတ်သည့် ကြိုးကြာခေါင်းမည်း (ဆောင်းခိုငှက်)ဟူ၍ မျိုးစိတ်နှစ်မျိုး တွေ့နိုင်ကြောင်း၊ ကြိုးကြာခေါင်းနီငှက် (Sarus Crane) များကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တွေ့ရှိရသည်။

ကြိုးကြာခေါင်းနီငှက်များကို အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝရေဝပ်ဧရိယာများနှင့် ရေနက်ကွင်း စပါးစိုက်ခင်းများတွင် အများဆုံး တွေ့ရှိရကြောင်း၊ ဥဥသားပေါက်သည့်ရာသီ မကျရောက်ခင် ဒီဇင်ဘာလမှ ဇွန်လခန့်အထိ အုပ်စုဖွဲ့နေထိုင်ကြပြီး ဇူလိုင်လဆန်းခန့်မှစ၍ ဥဥသားပေါက်ရန်အတွက် အုပ်စုအတွင်းမှ ကြိုးကြာမောင်နှံများသည် ခွဲထွက်လာပြီး သက်ဆိုင်ရာ နယ်ပယ်များအတွင်း အသိုက်များဆောက်လုပ်၍ ဥဥပြီး ရက် ၃၀ ခန့်အကြာတွင် သားပေါက်ကြကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ မျိုးသုဉ်းရန် အန္တရာယ်ရှိအဆင့်စာရင်း (Red List)အရ မြန်မာနိုင်ငံရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်သည် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော(Vulnerable) အဆင့်ရှိ ငှက်မျိုးစိတ်ဖြစ်ကြောင်း ကြိုးကြာငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုနေသူ ပညာရှင်တစ်ဦးထံမှ သိရသည်။

ပိန်းဇလုပ်-သိန်းညွန့်၊
ဓာတ်ပုံ-အောင်ဌေးဦး

# အိန္ဒိယနိုင်ငံ၏ အမျိုးသားလူငယ်မူဝါဒနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများ (၃)

မောင်လူအေး(လူငယ်ရေးရာ)

**ကျေးလက်စီးပွားရေးစင်တာ (Rural Business Hubs–RBHs)။** ကျေးလက်စီးပွားရေးစင်တာများသည် ကျေးလက်လူငယ်များ အဆင့်မြင့်အလုပ်အကိုင်၊ နည်းပညာများရရှိစေရန်၊ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်စွမ်းတိုးတက်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ လူငယ်များအတွက် ကျွမ်းကျင်မှုမြှင့်တင်ရေးအစီအစဉ်၊ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကိုယ့်အားကိုယ်ကိုးအစီအစဉ်နှင့် ဖွံ့ဖြိုးရေး လေ့ကျင့်မှုအစီအစဉ်များကို ပံ့ပိုးပေးပါသည်။

လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူငယ်အရင်းအမြစ်စင်တာ (Youth Resource Centre–YRC)များကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်ထိ လူငယ်အရင်းအမြစ်စင်တာ ၁၅ ခုကို တည်ထောင်ထားပြီးဖြစ်ပါသည်။ YRC များသည် မတူညီသောပြဿနာများနှင့် လူငယ်များ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် ပေါင်းစပ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည့် ဗဟိုချက်တစ်ခုအဖြစ် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကျန်းမာရေး အသိပညာပေးအစီအစဉ်များ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများအား ဖြန့်ဝေပေးခြင်း၊ ဘာသာစကားသင်တန်းများ၊ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တာတာလူမှုရေးသိပ္ပံအင်စတီကျု(Tata Institute of Social Sciences–TISS)။** TISS သည် လူမှုရေးဝန်ဆောင်မှုပညာရပ်များကို အထူးပြုသင်ကြားပေးနေသော အာရှ၏ သက်တမ်းအရင့်ဆုံးအဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်သည်။ TISS မှ ပို့ချပေးနေသော ဘာသာရပ်များမှာ လူမှုရေးသိပ္ပံဘာသာရပ်များဖြစ်ပြီး ၎င်းတို့တွင် ဖွံ့ဖြိုးရေးလေ့လာမှု၊ ပြည်သူ့မူဝါဒ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လက်တွေ့စိတ်ပညာ၊ ပညာရေး၊ စီမံခန့်ခွဲမှုနှင့် အလုပ်သမားရေးရာ လေ့လာမှု စသည့်ဘာသာရပ်များ ပါဝင်ပါသည်။

TISS အောက်တွင် အသက်မွေးဝမ်းကျောင်းပညာရေးကျောင်း (School of Vocational Education–SVE)ကို တည်ထောင်ထားပြီး ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များမှတစ်ဆင့် လူငယ်များ အလုပ်အကိုင်ရရှိရေး၊ သင့်လျော်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီပေးခြင်းနှင့် လုပ်ငန်းခွင်တွင် လိုအပ်သော အရည်အချင်းများကို ဖြည့်ဆည်းပေးခြင်းမှတစ်ဆင့် လူငယ်များအတွက် ဝင်ငွေအရင်းအမြစ်တစ်ခု ရရှိအောင် ဆောင်ရွက်ပေးခြင်း စသည့်အချိန်တိုအတွင်း အကျိုးသက်ရောက်မှုရှိသည့် အစီအစဉ်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤအစီအစဉ်သည် စနစ်တကျဖွဲ့စည်းထားသော လုပ်သားအင်အားစုနှင့် စနစ်တကျဖွဲ့စည်းမထားသော လုပ်သားအင်အားစုနှစ်ခုစလုံးမှ လုပ်သားများအား TISS –SVE မှ ဖွင့်လှစ်ထားသော သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါသည်။

**Pradham Mantri Kaushal Vikas Yojana (PMKVY)။** ဤအစီအစဉ်သည် အိန္ဒိယနိုင်ငံရှိ လူငယ်များအား စက်မှုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသော ကျွမ်းကျင်မှုများ သင်ကြားပေးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်သည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ PMKVY အစီအစဉ်ကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးစွမ်းဆောင်မှုဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

လူငယ်များအား အလုပ်အကိုင်ဈေးကွက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုများရရှိစေရန် ကူညီပေးခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးဖူလုံမှုကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း PMKVY အစီအစဉ်ဖြင့် လူငယ်ပေါင်း ၁၈ သိန်းခန့်အား ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် လူငယ်ရှစ်သိန်းခန့်သည် အလုပ်အကိုင်များရရှိခဲ့ကြောင်း အစီရင်ခံစာများအရ သိရှိရပါသည်။ PMKVY အစီအစဉ်၏ အောင်မြင်မှုသည် အိန္ဒိယလူငယ်များအတွက် မျှော်လင့်ချက်အသစ်များကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိခဲ့ပါသည်။

**Skill India။** ဤအစီအစဉ်သည် လူငယ်များ လုပ်ငန်းခွင်အတွင်း တိုက်ရိုက်အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးသည့် အမျိုးသားအဆင့် စီမံချက်ဖြစ်ပါသည်။ လူငယ်များ၏ အလုပ်အကိုင်စွမ်းရည်များ တိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်အောက်တွင် နည်းပညာ၊ စက်မှုလက်မှု၊ ဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ပို့ချပေးလျက်ရှိသည်။

ခေတ်သစ်လူငယ်များအတွက် AI (ဉာဏ်ရည်တု)၊ Robotics၊ 3D Printing နှင့် Drones နည်းပညာကဲ့သို့သော ခေတ်ရှေ့ပြေး သင်ရိုးညွှန်းတမ်းများကို သီးသန့်ထည့်သွင်းသင်ကြားပေးလျက်ရှိပါသည်။ လူငယ်သန်းပေါင်းများစွာကို အခမဲ့ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးလျက်ရှိပြီး အလုပ်အကိုင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုများရရှိစေရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းဖြင့် အလုပ်အကိုင်ရရှိနိုင်မှုကို မြှင့်တင်ပေးသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်ဦးရေ ၁၄ သန်းကျော်အား အလုပ်အကိုင်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးသင်တန်းများနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပါသည်။

**Digital India။** ဤအစီအစဉ်သည် အနာဂတ်ကာလ ဒီဂျစ်တယ်ခေတ်တွင် ကျေးလက်နှင့် မြို့ပြရှိ လူငယ်များအား ဒီဂျစ်တယ်တတ်မြောက်မှု(Digital Literacy) ရှိစေရန်နှင့် နည်းပညာကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်စေရန် ပံ့ပိုးပေးခြင်းဖြစ်သည်။ လူငယ်များအား အင်တာနက်၊ အွန်လိုင်းဝန်ဆောင်မှုများနှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုများ လက်တွေ့အသုံးချနိုင်စေရန် လေ့ကျင့်ပေးခြင်းနှင့် အစိုးရဝန်ဆောင်မှုများကို အွန်လိုင်းမှ လွယ်ကူစွာ အသုံးပြုနိုင်စေရန်လည်း ဆောင်ရွက်ပေးထားပါသည်။

ထို့ပြင် လူငယ်များ၏ ဒီဂျစ်တယ်အသိပညာနှင့် နည်းပညာအသုံးချနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတို့ တိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးနိုင်ခြင်းကြောင့် IT နှင့် နည်းပညာကဏ္ဍတွင် အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်ခဲ့သည်။

**Startup India။** ဤအစီအစဉ်သည် လူငယ်များကို အလုပ်ရှာဖွေသူ(Job Seekers) ဘဝမှ အလုပ်အကိုင်ဖန်တီးပေးသူများ ဖြစ်လာစေရန် စွန့်ဦးတီထွင်မှုလုပ်ငန်းသစ်များကို အခွန်ကင်းလွတ်ခွင့်များ၊ ဘဏ္ဍာရေးထောက်ပံ့မှုများနှင့် အကြံပေးလမ်းညွှန်မှုများ ပေးအပ်သည့် စနစ်တစ်ခုကို ဖန်တီးထားပါသည်။ အိန္ဒိယနိုင်ငံအား ကမ္ဘာ့တတိယအကြီးဆုံး Startup အင်ပါယာ ဖြစ်လာစေရန် လူငယ်စွန့်ဦးတီထွင်သူများကို ပံ့ပိုးပေးခဲ့သည့် Startup India Initiative ကို ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပါသည်။ အဆိုပါအစီအစဉ်မှတစ်ဆင့် လူငယ်များအား စီးပွားရေး အကြံဉာဏ်၊ ငွေကြေးအထောက်အပံ့နှင့် အခွန်သက်သာခွင့်များ ပေးအပ်လျက်ရှိသည်။

> ❖ **လူငယ်များအား နည်းပညာအခြေပြု ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်နိုင်ရန် အားပေးကူညီခြင်းအပြင် Startup ကုမ္ပဏီများ ဖွံ့ဖြိုးလာစေရန် Incubator နှင့် Innovation Center များ ထူထောင်ပေးထားပါသည်။ ယင်းအစီအစဉ်ကြောင့် လူငယ်များအကြား စွန့်ဦးတီထွင်စိတ်ဓာတ်နှင့် အလုပ်အကိုင်ဖန်တီးနိုင်မှုများ ပိုမိုတိုးတက်လာခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်တွင် အသိအမှတ်ပြုပြီးသော Startup လုပ်ငန်းပေါင်း ၁၄၀၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး ယင်းတို့အနက် အများစုကို အသက် ၃၅ နှစ်အောက် လူငယ်များက ဦးဆောင်နေခြင်းဖြစ်**

လူငယ်များအား နည်းပညာအခြေပြု ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်နိုင်ရန် အားပေးကူညီခြင်းအပြင် Startup ကုမ္ပဏီများ ဖွံ့ဖြိုးလာစေရန် Incubator နှင့် Innovation Center များ ထူထောင်ပေးထားပါသည်။ ယင်းအစီအစဉ်ကြောင့် လူငယ်များအကြား စွန့်ဦးတီထွင်စိတ်ဓာတ်နှင့် အလုပ်အကိုင်ဖန်တီးနိုင်မှုများ ပိုမိုတိုးတက်လာခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်တွင် အသိအမှတ်ပြုပြီးသော Startup လုပ်ငန်းပေါင်း ၁၄၀၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး ယင်းတို့အနက် အများစုကို အသက် ၃၅ နှစ်အောက် လူငယ်များက ဦးဆောင်နေခြင်းဖြစ်သည်။

အချုပ်အားဖြင့် အိန္ဒိယနိုင်ငံသည် ၎င်း၏ ကြီးမားလှသော လူငယ်ထုအင်အားကို လူဦးရေဆိုင်ရာဆုလာဘ်အဖြစ် အသိအမှတ်ပြုကာ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အကျိုးရှိစွာ အသုံးချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လူငယ်များအား ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၏ တက်ကြွသည့် မိတ်ဖက်များအဖြစ်ရှုမြင်ပြီး အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်းဖြင့် မူဝါဒချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍအတွက် နှစ်စဉ်အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိရာ ဘတ်ဂျက်သုံးစွဲမှုအနေဖြင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယရူပီး ၂၇၁၀ ဒသမ ၇၃ ကုဋေနှင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယရူပီး ၃၇၉၄ ဒသမ ၃၀ ကုဋေဖြစ်ကြောင်း တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံ၏ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များသည် မူဝါဒသက်သက်မျှသာမဟုတ်ဘဲ လက်တွေ့မြေပြင်တွင် ဘတ်ဂျက်၊ နည်းပညာ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူလူထုအင်အားတို့ဖြင့် စနစ်တကျအကောင်အထည်ဖော်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ဆက်လက်၍ ဒေသဆိုင်ရာ လိုအပ်ချက်နှင့် ကိုက်ညီသော ပြုပြင်ပြောင်းလဲမှုများ၊ ညှိနှိုင်းဆောင်ရွက်မှုများနှင့် ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် အိန္ဒိယလူငယ်များအတွက် ပိုမိုတောက်ပသောအနာဂတ်ကို လမ်းခင်းပေးထားခြင်းဖြစ်ပြီး ဖွံ့ဖြိုးပြီး အိန္ဒိယ(Viksit Bharat) ရည်မှန်းချက်ကို သတ်မှတ်ကာလအတွင်း ပြီးပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း လေ့လာအတုယူနိုင်ရန် တင်ပြလိုက်ရပါသည်။

**ကျမ်းကိုးစာရင်း**


၁။ K. Kesavapany, A Mani, P. Ramasamy, Rising India and Communities in East Asia, INSTITUTE OF SOUTHEAST AISAN STUDIES Singapore, 2008.

၂။ National Youth Policy 2014, Ministry of Youth Affairs and Sports, India, 2014.

၃။ National Youth Policy 2021, Ministry of Youth Affairs and Sports, India, 2021.

၄။ မြန်မာရေးရာလေ့လာရေးအဖွဲ့။ "ကမ္ဘာ့ရေးရာ" အမှတ်(၂၇)၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး ခရီးရှည်နှင့် မိုဒီ၏ခြေလှမ်းများ၊ အေဇက်ပုံနှိပ်တိုက်၊ ဒေါပုံ၊ ဩဂုတ်လ ၂၀၂၄ ခုနှစ်။

၅။ https:// my.wikipedia.org/wiki/ အိန္ဒိယနိုင်ငံ#အစိုးရ။

၆။ https://en.wikipedia.org/wiki/Skill_India

၇။ https://www.digitalindia.gov.in/

၈။ https://www.startupindia.gov.in/content/sih/en/government-schemes.html

၉။ https://yas.gov.in/en/documents/draft-national-youth-policy-2025

ပြင်သစ်၊ ဆီနီဂေါ၊ ပေါ်တူဂီအသင်းတို့ ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်တွေကို ဇွန် ၂၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ခြေစွမ်းထက်တဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုအပြင် ရှုံးပွဲကြုံတွေ့ထားတဲ့အသင်းအချင်းချင်းတွေ့ဆုံတဲ့ ပွဲစဉ်တွေပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# အီရတ်နဲ့ပွဲမှာ တိုက်စစ်ခြေစွမ်းပြသဦးမယ့် ပြင်သစ်




## ပြင်သစ် VS အီရတ်

ပြင်သစ်က ပြီးခဲ့တဲ့ပွဲစဉ်မှာ ပရိသတ်တွေ မျှော်လင့်ထားတဲ့ ခြေစွမ်းမျိုး ပြသကာ ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်ထားတယ်။ ဒီပွဲစဉ်က အီရတ်အတွက် နိုင်ပွဲရဖို့ အလွန်အရေးပါနေပေမယ့် ပြင်သစ်လို ကမ္ဘာ့အဆင့်ထိပ်တန်းအသင်းကို နိုင်ပွဲရတဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။




■ အချိန် – နံနက် ၃ နာရီခွဲ၊ အုပ်စု – အုပ်စု (ဈ)၊ ပွဲစဉ် (၂)၊ ကွင်း – Philadelphia Stadium



## နော်ဝေ VS ဆီနီဂေါ

ပြီးခဲ့တဲ့ပွဲစဉ်မှာ နော်ဝေက ဂိုးပြတ်အနိုင်ယူပြီး ဆီနီဂေါက ဂိုးပြတ် ရှုံးနိမ့်ထားတယ်။ ဆီနီဂေါက ဒီပွဲစဉ်အနိုင်ရမှ နောက်တစ်ဆင့် တက်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်တယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပြီး အနိုင်ရလဒ်ကို ဆီနီဂေါအသင်းက ဖော်ဆောင်သွားဖွယ်ရှိတယ်။



■ အချိန် – နံနက် ၆ နာရီခွဲ၊ အုပ်စု – အုပ်စု (ဈ)၊ ပွဲစဉ် (၂)၊ ကွင်း – New York New Jersey Stadium



## ဂျော်ဒန် VS အယ်ဂျီးရီးယား

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး ရှုံးနိမ့်ထားလို့ ဒီပွဲစဉ်ကို မဖြစ်မနေ နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် အကြိတ်အနယ် ရှိလာမှာ သေချာတယ်။ ဂျော်ဒန်အသင်းရဲ့ တန်ပြန်တိုက်စစ် ထိရောက်မှုရှိနိုင်ပေမယ့် အနိုင်ရလဒ်ကို အယ်ဂျီးရီးယားအသင်းက ရယူသွားဖွယ်ရှိတယ်။



■ အချိန် – နံနက် ၉ နာရီခွဲ၊ အုပ်စု – အုပ်စု (ည)၊ ပွဲစဉ် (၂)၊ ကွင်း – San Francisco Bay Area Stadium



## ပေါ်တူဂီ VS ဥဇဘက်ကစ္စတန်

ဥဇဘက်ကစ္စတန်က ခံစစ်ကို ကျစ်ကျစ်လျစ်လျစ်တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ကနေ ပေါ်တူဂီအသင်း အခက်တွေ့အောင် ပြင်ဆင်လာဖွယ်ရှိတယ်။ မည်သို့ပင်ဆိုစေ အဖွင့်ပွဲစဉ်မှာ သရေကျထားတဲ့ ပေါ်တူဂီအသင်း ဒီပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရလဒ်ကို ဖော်ဆောင်သွားဖွယ်ရှိတယ်။



■ အချိန် – ည ၁၁ နာရီခွဲ၊ အုပ်စု – အုပ်စု (ဋ)၊ ပွဲစဉ် (၂)၊ ကွင်း – Houston Stadium

## ကမ္ဘာ့ဖလားပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား၊ နာမည်ကြီး ဂျာမနီ၊ ဂျပန်တို့ နိုင်ပွဲရ

ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂)မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး ဂျာမနီနှင့် အိုင်ဗရီကို့စ်အသင်းပွဲစဉ်ကို ဇွန် ၂၁ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်မှာ တစ်ဖက် တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်တိုက်စစ်ကစားသမား အွန်းဒက်ဗ်၏ နောက်ကျသွင်းဂိုးကြောင့် ဂျာမနီအသင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နံနက် ၆ နာရီခွဲ ယှဉ်ပြိုင်ကစားခဲ့သည့် အီကွေဒေါနှင့် ကျူရာဆိုအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ အီကွေဒေါအသင်းသည် ဂိုးပေါက်သွင်းမှု ၂၇ ကြိမ်အထိ ရှိခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။



■ ဂျာမနီလူစားဝင်တိုက်စစ်ကစားသမား အွန်းဒက်ဗ် အိုင်ဗရီကို့စ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

နံနက် ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် တူနီးရှားနှင့် ဂျပန်အသင်းပွဲစဉ်တွင် ဂျပန်က တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ တူနီးရှားအသင်းသည် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ဂျပန်ဘက်သို့ ဂိုးပေါက်ကန်သွင်းမှု နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။



■ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုး ၁၀၀ မြောက်ကို နယ်သာလန် တောင်ပံတိုက်စစ်ကစားသမား ဂတ်ပို ဆွီဒင်အသင်းဘက်သို့ သွင်းယူစဉ်။

## ၁၉၅၄ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပွဲအနည်းဆုံးဖြင့် ဂိုး ၁၀၀ ပြည့် စံချိန်တင်

နယ်သာလန်က ဆွီဒင်ကို ငါးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် တောင်ပံတိုက်စစ်ကစားသမား ကိုဒီဂတ်ပိုက ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုး ၁၀၀ မြောက်ကို သွင်းယူနိုင်ခဲ့သည်။

နယ်သာလန်အသင်းအတွက် တတိယဂိုး သွင်းယူနိုင်ခဲ့သော ဂတ်ပို၏ သွင်းဂိုးကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၃ ပွဲမြောက်တွင် ဂိုး ၁၀၀ မြောက်သွင်းယူပြီး စံချိန်မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ၁၉၅၄ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမြန်ဆုံး သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်ဖြစ်သည်။ ၁၉၅၄ ခုနှစ်က ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ရန် ပွဲ ၂၀ သာ ကစားခဲ့ရကြောင်း သိရသည်။

၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၁၉၈၂ စပိန်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ရန် ပွဲပေါင်း ၃၆ ပွဲအထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့အပြင် ၁၉၇၈ အာဂျင်တီးနား ကမ္ဘာ့ဖလားနှင့် ၁၉၉၄ အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ရန် ပွဲပေါင်း ၃၈ ပွဲအထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

## အီလွိုင်ရှုန်း၏ အံ့အားသင့်ဖွယ်လက်စွမ်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပထမဆုံးရမှတ် ကျူရာဆို ရရှိ



ကျူရာဆိုအသင်းသည် နာမည်ကြီး အီကွေဒေါအသင်းကို ဂိုးမရှိ သရေ ကစားနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး ရမှတ် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) အဖြစ် ဇွန် ၂၁ ရက် နံနက် ၆ နာရီခွဲက Kansas City ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်တွင် ကျူရာဆိုအသင်းအတွက် သမိုင်းဝင် ရမှတ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သူမှာ ပွဲချိန်တစ်လျှောက် ပြိုင်ဘက်အသင်း၏ ထိုးဖောက်ကန်သွင်းချက်များကို အံ့အားသင့်ဖွယ်လက်စွမ်းဖြင့် ကာကွယ်နိုင်ခဲ့သည့် ဂိုးသမား အီလွိုင်ရှုန်း ဖြစ်သည်။

၎င်းသည် အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်ဂိုးသမား တင်ဟောင်းဝပ် စံချိန်တင်ထားသည့် ဂိုးပေါက်ကာကွယ်မှု ၁၅ ကြိမ် စံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ တင်ဟောင်းဝပ်သည် ၂၀၁၄ ခုနှစ်က ဘယ်လ်ဂျီယံနှင့် ပွဲစဉ်တွင် ဂိုးပေါက်ကာကွယ်မှု ၁၅ ကြိမ်ဖြင့် စံချိန်တင်ထားခြင်း ဖြစ်သည်။

ကျူရာဆိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (င) တွင် နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်နေသည်။ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

■ မိုးဇက် – စုစည်းရေးသားသည်

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Interrogative Pronouns (အမေးနာမ်စား) အကြောင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း Shortest way to talk about Sports (အားကစားနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

# GRAMMAR

## Basic to Intermediate

Exercise (1) Choose the right pronouns to complete the following sentences.

မှအဖြေများ

1. All
2. anyone
3. a little
4. few
5. much, a little
6. anybody
7. Someone, him
8. one
9. ones
10. anything
11. something
12. Another

Interrogative Pronouns (အမေးနာမ်စား)အဆက်

Who ၊ Whom ၊ Whose အသုံးပြုပုံ

| Subjective | Objective | Possessive |
|---|---|---|
| Who | Whom | Whose |
| (ဘယ်သူလဲ) | (ဘယ်သူ့ကိုလဲ) | (ဘယ်သူ့ဟာလဲ) |

- Who is he? He is my brother.
- Who are coming? The visitors are coming.
- Whom do you want to see? I want to see Ko Ko.
- Whom are you speaking to? I am speaking to my pupils.
- Whose is this bicycle? It is Nyo Nyo's.
- Whose are those cows? They belong to U Ba.

**Which အသုံးပြုပုံ**

Which ကို လူပုဂ္ဂိုလ်အတွက်သာမက တိရစ္ဆာန်အတွက်နှင့် သက်မဲ့ပစ္စည်းအတွက်ပါ အသုံးပြုနိုင်သည်။ ဥပမာ–

- Which of those boys is your friend?
- Which of those girls do you know?
- Which is the kitten you want to give me?

**What အသုံးပြုပုံ**

What ကို သက်မဲ့ပစ္စည်းအတွက် အသုံးပြုသည်။ ဥပမာ–

- What is that? That is a camcorder.
- What do you want? I want some CDs.
- What are they talking about? They are talking about motor bikes.

# VOCABULARY ENRICHMENT PROGRAMME

1. Samaritan = (အကူအညီပေးတတ်သူ)
   A good Samaritan helped me fix my car.
   အကူအညီပေးတတ်သူတစ်ဦးက ငါ့ကားကို ပြင်ပေးသွားခဲ့တယ်။
2. a hard nut to crack = (ဖြေရှင်းရခက်သော ပြဿနာ/ လူ)
   This puzzle is a hard nut to crack.
   ဒီပဟေဠိက ဖြေရှင်းရခက်တယ်။
3. a leopard can't change its spots = (လူတစ်ယောက်ရဲ့ဘဝကို လွယ်ကူစွာပြောင်းလဲလို့မရ)
   Don't expect him to chage; a leopard can't change its spots.
   သူ့ကို ပြောင်းလဲပေးနိုင်လိမ့်မယ်လို့ မမျှော်လင့်နဲ့။ လူတစ်ယောက်ရဲ့ဘဝကို လွယ်ကူစွာ ပြောင်းလဲပေးနိုင်မှာမဟုတ်ဘူး။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



**Shortest way to talk about Sports (အားကစားနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)**

*Enjoy watching …*
*I find ….*
*No better feeling …*
*For me, …*
*Just like …*
*Personally,*

သူတို့နဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေကို မဖော်ပြခင် အားကစားနဲ့ပတ်သက်တဲ့ မေးခွန်းနဲ့ ဖြေပုံဖြေနည်းလေးတွေကို အနည်းငယ် ဖော်ပြပေးလိုက်ပါတယ်။

A: **Do you like sport?**

B:
- I enjoy watching sport sometimes, but I'm not a fanatic.
- I've always been really sporty.
- I'm not that into sport, to be honest.
- I'm not very athletic and I find watching sport quite boring.

ဒီနေရာမှာ တစ်ခုခုကို လုပ်ရတာ သဘောကျတယ်လို့ ပြောချင်ရင် **I enjoy –Ving** ပုံစံနဲ့ပြောလို့ရပါတယ်။

ဥပမာ–
- I enjoy playing games.
- I enjoy watching movies.
- I enjoy watching sports on TV.

ဒီနေရာမှာ I **find** ဆိုတဲ့ပုံစံကို တစ်ခုခုကို လေ့လာတွေ့ရှိခဲ့တယ်လို့ ဆိုလိုချင်တဲ့အခါမှာ သုံးပါတယ်။ ဥပမာ–
- **I find** swimming very relaxing.
- **I find** watching snooker weirdly fascinating.
- **I find** watching sport quite boring.

A: **What sports do you do?**

B:
- I really enjoy playing cricket.
- I do boxing at my gym.
- I go surfing.
- I play basketball.

ဒီနေရာမှာ **do၊ go၊ play** တွေနဲ့ နောက်က ဘယ်လိုအားကစားနည်းတွေလိုက်ပြီး သုံးမလဲဆိုတာ လေ့လာကြည့်ရအောင်ပါ။

**Play + ball sports**
play tennis/play cricket/play golf
play basketball/play volleyball
play badminton (ကြက်တောင်ရိုက်) 

**Go + –ing**
go swimming/ go cycling
go surfing/ go climbing
go hiking

**Do + –Ving**
do boxing

**Do + other activites**
do yoga/do gymnastics
do judo/ do Pilates

A: **How did you get into that? Where and How often do you do that?**

B:
- I started doing Judo about a year ago. I go to classes twice a week at a sport center near my office. At first, I just wanted a new hobby, but I really like it and I think I'll start training more regularly.

A: **Why do you do sport?**

B:
- I love competing. There's no better feeling than winning.
- **For me**, it's more about the social side.
- I just like the feeling of getting some physical activity after sitting in an office all day.
- **Personally**, I play sport to hang out with my friends and relax.

ဒီနေရာမှာ အဲဒီထက်ကောင်းတဲ့ ခံစားချက်မရှိတော့ဘူးဆိုရင် no better feeling နဲ့ သုံးပါတယ်။ ဥပမာ–
- There's no better feeling than when you're tired after a good game.

**For me** ဆိုတာကိုတော့ ငါကတော့လို့ ပြောပါတယ်။ ဥပမာ–
- For me, the most important thing is just spending time outdoors in the fresh air.

ကြိုက်ပါတယ်ဆိုပြီးပြောရင်တော့ just like နဲ့ ပြောပါတယ်။ ဥပမာ–
- I **just like** the feeling of pushing myself to the limit.

**Personally** ကတော့ ငါ့အနေနဲ့ကတော့လို့ ပြောချင်ရင် သုံးလို့ရပါတယ်။ ဥပမာ–
- **Personally,** I've always loved being in the water.

**Conversation**

**Do you like sport?**

**Owen:** Do you like sport?

**May:** Yeah, I've always been really sporty. I played basketball and tennis at school and university, and recently I've got into cycling. What about you?

**Owen:** I'm not that into sport, to be honest. I'm not that athletic, and I find most sports boring to watch. I go to the gym occasionally.

**May:** It's hard to motivate yourself if you don't enjoy it.

**Owen:** Do you like watching sport, too?

**May:** Sometimes, though I'm not a fanatic. Personally, I think football or tennis can be fun to watch, but it's not a big part of my life.

**Owen:** For me, I like watching tennis, too! It's one of the only sports I'll make an effort to see.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ကယားပြည်နယ်တွင်နေထိုင်သော ဦးနိုင်ဝင်း ၏ သားဖြစ်သူ ဦးဥက္ကာဖြိုး ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ရကန(နိုင်) ၀၇၃၈၁၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-0930413581**

## မိဘအမည်မှန်

ရမည်းသင်းမြို့၊ အထက Grade-10 တွင် ပညာသင်ကြားနေသော မပန်းအိဖြူ၏ မိဘ ဦးမြင့်နိုင် - ဒေါ်သက်မာလွင် တို့၏ အမည်မှန်မှာ ဦးထွန်းလင်းအောင် ၉/ရမသ(နိုင်)၂၆၉၇၉၉၊ ဒေါ်နှင်းသီရိနိုင် ၉/ရမသ(နိုင်)၁၀၂၅၄၀ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် G(ဂျီ)၊ ဦးပိုင်အမှတ် (၁၁)၊ ၆၆ X ၆၇ကြား၊ ၁၀၅ X ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမြရီ၏ (SPရရှိသူ ဒေါ်သိန်းဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၀၄/၂၀၀၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုရွှေ ၉/မရမ(နိုင်)၀၁၈၂၉၇ ၏ (GPရရှိသူ ဦးအောင်ပု) က အမှုတွဲအမှတ် (၀၆၃၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (ဒဂုံရေဝင်း)၊ မအူပင်လမ်း၊ အမှတ်-၁၉၀၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က(ဒဂုံရေ)၊ မြေကွက်အမှတ်-၁၉၀၊ ဧရိယာ (၀.၀၅၅) ဧက၊ (ပေ ၄၀ x ပေ ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသန်းဝင်း(ခ)ရာဂျိုး(၁၂/သလန(နိုင်)၀၇၇၇၆၆) အမည်ပေါက်တည်ရှိသော နှစ် (၆၀) မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၄၉)**
**အမှတ်-၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၂၁၃၁) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းဖေ (ISN-၁၂၉၅၆၁)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ဝင်း (၁၂/တမန (နိုင်) ၀၁၈၀၅၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** — အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** — အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/8063, Zuzuki Smash-112,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၇/နတလ(နိုင်)၀၀၅၄၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ခြံအမှတ် (၁၇)၊ ချင်းတွင်းလမ်းနှင့် စစ်တောင်းလမ်းထောင့်ရှိ အလျား (၇၂/၇၀)ပေX အနံ (၆၈/၁၀၀) ပေရှိ မြေကွက်ကြီးထဲမှ အမှတ် (၁၇) ချင်းတွင်းလမ်းဘက်ရှိ အကျယ်အဝန်း မျက်နှာစာအရှေ့ (၂၆)ပေ ၊ အနောက် (၃၂)ပေ ၊ အလယ် (၂၉) ပေ ၊ အလျားဝဲဘက် ပေ(၇၀)၊ ယာဘက် (၇၄)ပေ ရှိမြေကွက်အား ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမြင့် (၁၂/မဂတ(နိုင်)၀၃၆၃၀၉) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဂျာထွယ် (၁/မကန(နိုင်) ၁၆၃၁၃၃) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအိ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၅)**
**ရုံး- ရွှေနေမျိုးနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၉၉၀၆၈၈၃၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/55478, Zhan Sheng -125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးသန့် ၉/မတရ(နိုင်)၀၆၀၅၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင် (၂) လမ်း၊ အမှတ်(၅၃၉)ရှိ အကျယ်အဝန်း ပေ(၂၅ x ၅၀) အမည်ပေါက် ဒေါ်ခင်ဦးဖြင့်ရှိသော မြေကွက်ပေါ်တွင် အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိသူ ဦးနေထွန်းဝမ် (၁၂/စခန(နိုင်)၀၆၀၄၄၀)၊ ဒေါ်နွယ်နွယ်ဝင်း (၁၄/မမန (နိုင်)၀၂၀၁၁၇) တို့မှ (၁) ဦးလှမင်းထွန်း (၁၂/လသယ(နိုင်)၀၇၀၅၇၉)၊ (၂) ဦးကျော်စွာထက် (၁၂/သကတ(နိုင်) ၁၂၅၆၂၇) Peace Myanmar Construction ဖြင့် (၂၉-၁၀-၂၀၂၄)ရက်နေ့တွင် ချုပ်ဆိုခဲ့သော အဆောက်အအုံဆောက်လုပ်ရန်စာချုပ်အား (၁၅-၆-၂၀၂၆) ရက်နေ့တွင် နှစ်ဘက်သဘောတူဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးနေထွန်းဝမ် + ၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး (စဉ် - ၃၀၈၀၇) အထက်တန်းရှေ့နေ**
**ဖုန်း-၀၉ ၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၁၁၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ်-၈၄-က၊ ၈၆ -ဆ၊ မြေအမျိုးအစား - မြို့မြေ၊ ပိုင်ဆိုင်ခွင့် (G)၊ ဧရိယာ(၀.၀၁၃)ဧက၊ (၀.၀၁၄) ဧကရှိ ဒေါ်မြအေးအမည်ဖြင့်ထွက်ရှိသောဂရန်မြေနှင့် နေအိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသန့်ဇင်က တရားဝင် ဝယ်ယူပိုင်ဆိုင် အသုံးပြုလျက်ရှိပါသည်။ ရောင်းချသူမှ ရောင်းချသူ၏ တာဝန်ဖြစ်သော အဆိုပါမြေကွက်နှင့်ပတ်သက်သည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်နှင့် တစ်စုံတစ်ရာကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးသန့်ဇင် (ဘ) ဦးလှကြည်**
**၁၄/ပသန(နိုင်) ၀၁၃၆၀၉**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန့်ဝင်းလဲ့လဲ့ဌေး (စဉ် - ၁၇၁၂၃)**
**တရားလွှတ်တော်ရှေ့နေ**
**လိုင်စင်ရသည့်နေ့ (၂၇-၁-၂၀၂၁)**
**အမှတ် (၄၉) ယိုးဒယားကုန်းလမ်း**
**ပုသိမ်မြို့၊ ဖုန်း-၀၉-၄၀၃၁၃၆၅၁၁**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 1N/9854 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အမှတ်-၂၉၊ ၆ ထပ်(ညာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ထားသော **Sports Turf Solutions Company Limited** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-**103756227**)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် မူပိုင်ကုန်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်သွင်း လျှောက်ထားပြီးဖြစ်ပါသည် -

Application number-**T/2026/003208**
Application number-**T/2025/005979**

Application number-**T/2026/003209**
Application number-**T/2025/005978**

Application number-**T/2026/003210**
Application number-**T/2025/005982**

Application number-**T/2026/003214**
Application number-**T/2025/005981**

Application number-**T/2026/003215**
Application number-**T/2025/005980**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်၍ ကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက် **Class 27: Artificial grass; Synthetic turf; Artificial turf for lawns; Artificial turf for Landscaping; Artificial turf for Sports grounds; Synthetic grass flooring**၊ ကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက် **Class 31: Grass seeds; Natural grass; Sod; Turf for planting; Grass sod for landscaping** နှင့် ဝန်ဆောင်မှုအမျိုးအစားသတ်မှတ်ချက် **Class 35: Retail and wholesale service for grass plants** တို့တွင်အသုံးပြုကာ **Sports Turf Solutions Company Limited** သည် မြန်မာနိုင်ငံအဝှမ်းရှိ ဂေါက်ကွင်းများ၊ ပန်းခြံများ၊ အားကစားကွင်းများ၊ လူနေအိမ်ခြံများတွင် အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်သော ဂေါက်ကွင်းသုံးမြက်အမျိုးမျိုးနှင့် အလှဆင်မြက်အမျိုးမျိုးတို့အား ပြည်ပမှ မှာယူတင်သွင်းလျက် မြန်မာပြည်အတွင်း လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ဆင့်ပွားစိုက်ပျိုးထုတ်လုပ်ဖြန့်ချိရောင်းချခြင်းတို့ကို အမည်ကောင်းဂုဏ်သတင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို **Sports Turf Solutions Company Limited** ၏လုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများ၊ အရောင်းမြှင့်တင်ရေးကြော်ငြာဆိုင်းဘုတ်များ၊ **Social Media Platforms** တွင် သုံးစွဲသွားမည်ဖြစ်ပါသည်။

**Sports Turf Solutions Company Limited** ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ အထက်ပါကုန်အမှတ်တံဆိပ်များကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ထပ်တူဖြစ်စေ ဆင်တူယိုးမှားဖြစ်စေ တစ်နည်းနည်း တုပပြုလုပ်သုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်ပါ မြက်အမျိုးမျိုးကို ဆင့်ပွားစိုက်ပျိုးထုတ်လုပ်ဖြန့်ချိရောင်းချအသုံးပြုခြင်း၊ တုပထားသောကုန်အမှတ်တံဆိပ်ပါ မြက်အမျိုးအစားများကို ပြည်ပမှတင်သွင်းဖြန့်ချိရောင်းချခြင်း၊ **Social Media အပါအဝင် online** နှင့် **offline Platforms** များတွင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်ကို တစ်နည်းနည်းအသုံးပြုခြင်းတို့အား လုံးဝမပြုလုပ်ပါရန်၊ ပြုလုပ်ပါက ကုမ္ပဏီ၏ မူပိုင်အခွင့်အရေး ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးသိန်းအောင်** *{B.Sc(Phys), R.L, D.B.L}*
*Diploma in Int'l Business Organizations (UK)*
*Diploma in Int'l Intellectual Property Law (UK)*
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၇၀၄)

**ဒေါ်မျိုးမဥ္ဇူ** *(LL.B., D.B.L)*
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၀၈)

**ဒေါ်ဇင်ပွင့်ဖြူ** *(LL.M)*
အထက်တန်းရှေ့နေ (စဉ် - ၅၀၇၁၇)

အမှတ်(၅၆၇)၊ အခန်း ၃၀၄၊ MAC Tower (1)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၃၇၆၃၁၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ညောင်ကွဲရပ်နေ ဒေါ်နှင်းအေး အမည်ပေါက် ဂရန်မြေကွက် ဦးပိုင်အမှတ် (၄၁၅ - N)၊ မြေကွက်အမှတ်(၁၅၉-ဥ)၊ မြေကွက်အမျိုးအစား L ၊ ဧရိယာ (၀.၃၂)ကေအတွင်းရှိ အလျားပေ၅၀ ၊ အနံပေ (၂၀) မြေကွက်နှင့် တိုက်အိမ်အား ဒေါ်နှင်းရီအောင်မှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်နှင်းရီအောင် ၈/ခမန(နိုင်)၁၇၉၉၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မီမီကျော် (ဘ) ဦးအောင်ကျော်ထွေး ၅/အတန(နိုင်)၀၇၅၅၈၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၈-၆-၂၀၂၆)ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစပြီး (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**
**ဒေါ်မီမီကျော်ဆင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၀၇/၂၂-၁၂-၂၀၂၃)**
**မြို့သစ်ရပ်၊ ရတနာ့ဗိမာန်ကျောင်းအနောက်ပေါက်၊ စစ်ကိုင်းမြို့။ ဖုန်း-09-792 693 882, 09-942358664**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/56623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဖြူးမြို့ G-9မှ နန်းခမ်းနောင့်၏ ဖခင်အမည်မှန်မှာ ဆန်းဇဝန ၁၃/ ကဟန(နိုင်) ဝ၃၃၆၈၅ ဖြစ်ပါကြောင်း။

**ဆန်းဇဝန**

## မိခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (နမ္မတီး) Grade-12(A) မှ မဝင်းသိဂီဖြိုးနှင့် Grade-8(A)မှ မောင်ဟိန်းထက်ဇေ တို့၏ မိခင်အမည်မှန်မှာ ဒေါ်အေးစိုး ၁/ မကတ(နိုင်)ဝ၉ဝ၃၁၁ ဖြစ်ပါကြောင်း။

**ဒေါ်အေးစိုး**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လှမွေး ၅/ ကသန(နိုင်)ဝ၈၂၅၃၆ ၏ ပတ်စ်ပို့ နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၄ဝဝဝဝ၂၁၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၇**

ဒေါ်ခင်ကြည် **နှင့်** ဒေါ်မြဝင်း

**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၅)၊ ၆၄x၆၅လမ်းကြား၊ ကျန်စစ်သားလမ်းနေ ဒေါ်မြဝင်း(ဘ)ဦးအောင်ညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ကြည်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ (ဝ.ဝ၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်မြဝင်းအမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ရက်)မွန်းမတည့်မီ ၁ဝနာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**


## စူရ်တီစွန္နီအိ(ဒ်)ဂါဟ် (အလုံ-ရန်ကုန်) ၏ အမည်ပေါက်မြေကွက်ပေါ်တွင် နေထိုင်ကြသော အဆောက်အအုံ/အိမ်ခန်းများ၏ ငှားရမ်းသူများနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်-၁၆၃/၁၇၁ တွင် ရှိသော စူရ်တီစွန္နီအိ(ဒ်)ဂါဟ်(အလုံ) ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃-L) မြေကွက်အမှတ် (၂၁)နှင့် (၂၁-A)၊ ဂရန်ရှိ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၁၁. ၈၀၈) ဧကအကျယ် (အရှေ့လားသော်) အောက်ကြည့်မြင်တိုင်လမ်း၊ (အနောက် လားသော်) ဝေဘာဂီလမ်း၊ (မြောက်လားသော်) သစ်တောလမ်း၊ (တောင်လားသော်) နှင်းဆီကုန်းလမ်း၊ ဧရိယာအတွင်းရှိ စူရ်တီစွန္နီအိ(ဒ်)ဂါဟ် ဂေါပကအဖွဲ့ပိုင် မြေကွက်ကြီးပေါ်တွင် ဂေါပကအဖွဲ့မှ မြေငှား/အိမ်ငှား စည်းကမ်းသတ်မှတ်၍ မြေငှား/အိမ်ငှားနေထိုင်လျက်ရှိကြသော မြေငှား/အိမ်ငှားများသည် အဆောက်အဦများရှိ တိုက်ခန်း/အိမ်ခန်းများကို အိမ်ငှားအမည်ပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်း/ပြင်ဆင်ခြင်း၊ အစရှိသည့်ကိစ္စများတွင် မြေရှင်ဂေါပကအဖွဲ့၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်း၊ အဆောက်အဦဆောက်လုပ်ပြင်ဆင်ရာတွင် မြေရှင်ဂေါပကအဖွဲ့ထံ ခွင့်ပြုချက်တောင်းခံသည့်ပုံစံထက် ကျော်လွန်ဆောက်လုပ်ခြင်း စသည့်ကိစ္စရပ်များကို လုံးဝမပြုလုပ်ရန်နှင့် စူရ်တီစွန္နီအိ(ဒ်)ဂါဟ်(အလုံ)မြေပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံနှင့်အပျောက်ခန်းနေထိုင်သူများအနေဖြင့် မြေရှင်၏ အသိအမှတ်ပြု အခန်းပိုင်ရှင်အမည်ပြောင်းလဲခြင်းနှင့် မြေရှင်ထံပေးဆောင်ရမည့် လစဉ်အိမ်မြေငှားရမ်းခများကို သတ်မှတ်ငှားရမ်းခ ကောက်ခံသည့်နှစ်၏ (၆) လအတွင်း ငှားရမ်းခများကို ပေးသွင်းရမည်ဖြစ်ပြီး၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ခေတ်ကာလနှင့်လျော်ညီစွာ လစဉ်အခြေခံငှားရမ်းခ တစ်ယူနစ်လျှင် ငွေကျပ် (၂၀၀၀) နှုန်းမှစတင်၍ (လုံးခြင်း) အထပ်နိမ့်အိမ်များအပါအဝင် အိမ်ခန်း/တိုက်ခန်းများကို အလွှာလိုက်/အထပ်လိုက် အဆင့်ဆင့် သတ်မှတ်တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ပါသည်။ မြေပေါ်၌ ငှားရမ်းနေထိုင်သော အခန်းရှင်များအနေဖြင့် ဂေါပကအဖွဲ့၏ရုံးခန်းတွင် လာရောက်ပေးသွင်းပါရန်နှင့် အခန်းလွှဲပြောင်းရောင်းဝယ်ပြုလုပ်ထားကြသော အိမ်ငှားများသည် အမည်ပြောင်းခ ပေးသွင်း၍ အမည်ပြောင်းလာရောက်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။ အိမ်မြေငှားရမ်းသူများအနေဖြင့် အထက်ပါ အချက်အလက်များကို လာရောက်ဆောင်ရွက်ခြင်းမရှိပါက မြေရှင်မှ အသိပေးအကြောင်းကြားစာပေးပို့ရပါက ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို အိမ်မြေ ငှားရမ်းသူများကသာ ကျခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ အောက်ဖော်ပြပါ မြေဧရိယာပေါ်ရှိ အဆောက်အုံ/တိုက်ခန်း အိမ်ငှားများသည် မြေရှင်ဂေါပက အဖွဲ့၏ ခွင့်ပြုချက်ယူရန် ပျက်ကွက်ခြင်း၊ လစဉ်ငှားရမ်းခငွေများပေးရန်ပျက်ကွက်ခြင်းနှင့် ဂေါပကများ၏ ခွင့်ပြုချက် မရှိဘဲ အမည်ပြောင်းဆောင်ရွက်ခြင်း အစရှိသည့် ကိစ္စများအား မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ထားခြင်းတို့ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိမ်မြေငှားရမ်းနေထိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**စူရ်တီစွန္နီအိ(ဒ်)ဂါဟ်ရုံးခန်း၊ အမှတ်-၉၆ (ပထမထပ်)၊ ၂၈-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ ရုံးခန်းဖွင့်လှစ် ဆောင်ရွက် ပေးပါသည်။ (ရုံးဖုန်း-၀၁၈၂၄၅၈၈၂)**

